


ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

## မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# သမထနှင့်ဝိပဿနာ

(ယှဉ်တွဲရှုနည်း)

(၂၂-၈-၆၁)

၁၄

# သမထနှင့်ဝိပဿနာ

(ယှဉ်တွဲရှုနည်း တရားတော်)

(၂၂-၈-၆၁)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော
သစ္စာ (၄)ပါး တရားတော် အမှတ်စဉ် (၂၅)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးရှူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# သမထ နှင့် ဝိပဿနာ ယှဉ်တွဲရှုနည်း

(၂၂-၈-၆၁)

လူမိုက်မှာလဲ သစ္စာလေးပါး မသိမှု အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သင်္ခါရ တောင်းချင်သလို တောင်းတဲ့ တဏှာနော်၊ ဘယ်နှခု ဖြစ်သတုံး . . (နှစ်ခုပါဘုရား) အဝိဇ္ဇာ ပစ္စယာ . . . (သင်္ခါရာပါဘုရား)။

ဒါ လူမိုက်မှာလဲ ဒီအတိုင်းပဲ၊ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာကြောင့် ပြုမိပြုရာပြုတဲ့ကုသိုလ်၊ တောင်းမိတောင်းရာ တောင်းတဲ့ တဏှာပေ့ါဗျာ (မှန်ပါ) တောင်းမိတောင်းရာတောင်းတယ်၊ ဘဝတဏှာနော်. . . (မှန်ပါဘုရား)။

အဲဒီတော့ မသိလို့ပြုတယ်၊ ပြုလို့ ခင်ဗျားတို့ ဝိညာဏ်၊ နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးရတယ် (မှန်ပါဘုရား)။

**ခန္ဓာငါးပါး ဘာသစ္စာတုံး**

ဘယ်နှပါးရသလဲ. . . (ငါးပါးရပါတယ်) ခန္ဓာငါးပါး ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ) အင်း. . . မသိတဲ့လူများ ကုသိုလ်ပြုရင် ဒုက္ခသစ္စာရတာကိုး. . . (မှန်ပါ့ဘုရား)။

မသိတဲ့လူ ကုသိုလ်ပြုရင် (ဒုက္ခသစ္စာရပါတယ် ဘုရား) ဒုက္ခသစ္စာပဲ ရတယ်၊ မသိတဲ့လူ ကုသိုလ်ပြုတော့ ဒုက္ခသစ္စာရတယ် ဆိုတော့ ဖြုန်းခနဲဆိုတော့ ဦးလှတို့ ဦးမာဒင်တို့က နားထဲ ကန်လန့်ကြီး ဖြစ်မှာပဲ၊ မသိတဲ့လူ ကုသိုလ်ပြုပြီး သကာလ ဘုံဘင ဆုတောင်းတယ် (မှန်ပါ့ ဒုက္ခသစ္စာပဲ ရပါတယ်ဘုရား) ဒုက္ခသစ္စာ ဘာတုံးလို့မေးတော့ ခန္ဓာငါးပါး မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးကို သုခသစ္စာလို့ မဟောဘူး (မှန်ပါ့ဘုရား) "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"လို့ ဟောတာပဲ. . (မှန်ပ ဘုရား)။

ဘာဖြစ်လို့ ဒုက္ခလို့ ဟောရသတုံးလို့ မေးတဲ့အခါကျတော့ ဦးမာဒင် မှတ်ထားပါ၊ ဒီခန္ဓာကြီးကိုက နှိပ်စက်တတ်တယ်၊ ဒီခန္ဓာ ထဲမှာကိုက ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်၊ ဝါယော ဓာတ်ဆိုတဲ့ ဓာတ်လေးပါး မြွေလေးကောင်က ကိန်းရာ ပုဂ္ဂိုလ် ကိုက်တာပဲ. . . (မှန်ပါ့ဘုရား)။

သူ့ကျောင်းတဲ့ ပုဂ္ဂိုလ်ပဲ၊ မြွေကျောင်းတဲ့ ပုဂ္ဂိုလ်ပဲ၊ မြွေကိုက်တာပဲ (မှန်ပါ့ ကျောင်းတဲ့ ပုဂ္ဂိုလ်ပဲ မြွေကိုက်ပါတယ် ဘုရား) အဲ. . ဒါဖြင့် နှိပ်စက်တတ်တဲ့ ခန္ဓာကြီးရထားတော့ ဒုက္ခသစ္စာပဲ (မှန်ပါ့) အနှိပ်စက်ခံရတဲ့ ခန္ဓာကြီးကိုရထားလို့ ဒုက္ခသစ္စာပဲ. . (မှန်ပါ့ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် လူလိမ္မာလဲ ဒီဥစ္စာရတာပဲ (မှန်ပါ့) လူမိုက်မှာလဲ မသိတာဘဲ၊ သဘောကျပလား (မှန်ပါ့) မသိလို့ ပြုချင်သလိုပြုပြီး သကာလ သူလဲပြုတာပဲ၊ ပြုပြီး ဆုတွေ ဘာတွေ တောင်းတာပဲ၊ ထို့အတူပဲ ခန္ဓာငါးပါးရတယ် (မှန်ပါ့) မရဘူးလား. . (ရပါတယ် ဘုရား)။

ဒါဖြင့် မိုက်ပုံချင်းအတူတူ ရပုံချင်းအတူတူလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဒီဘက်က လူမိုက်၊ ဟိုဘက်က လူလိမ္မာ. . . (မှန်ပါ့) အခုအခြေအနေမှာ မထူးသေးပါဘူး (မှန်ပါ့) ဒါဖြင့် အတိတ်မှာ မထူးဘူး ရှင်းပြီနော်. . . (ရှင်းပါပြီ ဘုရား)။

အတိတ်မှာ (အတိတ်မှာ ဘာမှ မထူးပါ) ပစ္စုပ္ပန်အရမှာလဲ (မထူးပါ ဘုရား)။ မထူးသေးဘူး၊ ခန္ဓာငါးပါးချင်း အတူတူပဲ (မှန်ပါ့ ဘုရား)။

ဘုရားက ရဟန်းတွေကိုမေးတော့ ဟော့-လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးကွ၊ လူမိုက်လဲ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာ

ငါးပါးဖြစ်တာပဲ၊ လူလိမ္မာမှာလဲ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တယ်၊ ဘာထူးလဲကွတဲ့၊ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ ဘုရားက မေးတယ်. . . (မှန်ပါ့ ဘုရား)။

**လူမိုက်ကျတော့**

မေးတဲ့အခါကျတော့ ရဟန်းတွေက အရှင်ဘုရား ပြောမှ ဟောမှ သိရမည့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်ဆိုတော့ ဒါဖြင့် မင်းတို့ သေသေချာချာနာကြ ဆိုပြီးသကာလ လူမိုက်ကျတော့ ကွာ. . အားကြီးမိုက်တယ်နော်. . (မှန်ပါ့) သူ့ခန္ဓာကြီးကို ကျေးမှု, မွေးမှု, ခင်မှုမင်မှုဆိုတဲ့ တဏှာလာတယ်ကွတဲ့၊ ပစ္စုပ္ပန်ခန္ဓာပေါ့ (မှန်ပါ့) ဥပါဒါန်ဟုတ်လား (မှန်ပါ့) ဒီခန္ဓာကောင်းစားရေး တစ်ခါ သူလုပ်ပြန်တယ်ကွတဲ့. . . (မှန်ပါ့ ဘုရား)။

ခန္ဓာကောင်းစားရေး. . . (မှန်ပါ့ လုပ်ပါတယ်ဘုရား) ခန္ဓာကောင်းစားရေး လုပ်တဲ့အခါကျလို့ရှိရင် ဒီကံသည် ကမ္မဘဝပစ္စယာ ဇာတိဆိုတဲ့ ဇရာမရဏဆိုတဲ့ အနာဂတ်ခန္ဓာ ရတယ်ကွတဲ့. . (မှန်ပါ့) ဒါ လူမိုက်၏ ပဋိစ္စသမုပ္ပါဒ်. . (မှန်ပါ့ ဘုရား)။

လူမိုက် ပဋိစ္စသမုပ္ပါဒ် ထူးလာတယ်. . (မှန်ပါ့) အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တယ်၊ ဒီခန္ဓာငါးပါးကို သူသည်

ခင်မင်ပြီး ကျွေးမွေးနေတယ်. . (မှန်ပါ့) ဒီခန္ဓာကိုပဲ စွဲလမ်းတယ် (မှန်ပါ့ စွဲလမ်းပါတယ် ဘုရား) ဒီခန္ဓာအတွက်ပဲ အားထုတ်တယ်. . (မှန်ပါ့) ဒီခန္ဓာအတွက် ကာယကံ၊ ဝစီကံတွေ အားထုတ်တဲ့အတွက် နောက်ခန္ဓာရ, ရမယ်. . (မှန်ပါ့ ရ,ရပါမယ် ဘုရား)။

ဒီခန္ဓာအတွက် အားထုတ်ငြားသော်လည်း ဒီခန္ဓာအတွက်ကို အကုသိုလ်တွေ အားထုတ်တယ်၊ နောက် ခန္ဓာရ, ရမယ် (မှန်ပါ့ ရ, ရပါမယ် ဘုရား) မရပေဘူးလား. . . (ရပါတယ် ဘုရား)။

ဩော်. . . ဒါဖြင့် လူမိုက်သည် တိုတိုပြောလိုက်မယ် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာလာတယ်. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

လူမိုက်မှာ ခန္ဓာငါးပါးရပြီးသည်၏ အခြားမဲ့မှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာရတယ်. . (မှန်ပါ့) သမုဒယသစ္စာသုံးခု. . (မှန်ပါ့) အကြောင်းသုံးခုနဲ့ အကျိုးတစ်ခု လာတယ်ဆိုတာ ရိပ်မိပလား. . (မှန်ပါ့)။

**လူ့လိမ္မာကျတော့**

လူလိမ္မာကျတော့ကို ဒီလိုမဟောပါဘူး . . တဲ့၊ လူလိမ္မာကျတော့ကို အခု ရထားတဲ့ ပစ္စုပ္ပန်ခန္ဓာငါးပါးကို ခန္ဓာငါးပါးကြောင့် မဂ်ပေါ်အောင်လုပ်တယ်၊ (ဝါ) အသိဉာဏ်ရအောင် လုပ်တယ် (မှန်ပါ့ ဘုရား) ရှင်းပလား . . (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ- ခန္ဓာငါးပါးကို သိမှုမဂ်ပေါ်အောင် လုပ်လိုက်တဲ့အတွက် ဒီ-ဒီသမုဒယနဲ့ ဒီဒုက္ခ လူလိမ္မာမှာ မလာဘူး. . . (မလာပါ ဘုရား) လာသေးရဲ့လား . . (မလာပါ ဘုရား)။

ဒါဖြင့် ဦးလှတို့၊ ဦးမာဒင်တို့ လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး မေးတော့ ဒီနှစ်ခုဟာ ထူးတာပဲ. . (မှန်ပါ့) မထူးဘူးလား. . (ထူးပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ် သူက ပြတ်တယ် သူက ဆက်တယ်. . (ဆက်ပါတယ် ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ပြတ်မှုနဲ့ဆက်မှု ထူးခြားတယ်. . (မှန်ပါ့) လူမိုက်က ဆက်ပြီး သကာလ အနာဂတ်ဘဝကျအောင် ရတယ်၊ ဒါက ခန္ဓာ ဇာတိ၊ ဇရာ၊ မရဏ မရဘူးလား (ရပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါ မဂ္ဂဖြဟွစရိယအကျင့်၊ သဘောကျပ

လား (ကျပါပြီ ဘုရား) ဩော်. . လူလိမ္မာက မဂ္ဂဖြဟ္မစရိယ အကျင့်ကို ကျင့်တယ်၊ လူမိုက်က မကျင့်ဘူး. . (မှန်ပါ့)။

အဲဒါကြောင့် မနေ့က ခင်ဗျားတို့ကို ဆုံးမတယ်၊ သူနဲ့ သူဟာ သူက အားထုတ်တဲ့ ပုဂ္ဂိုလ်မှာသာ လာတယ်၊ သူက အားမထုတ်တဲ့ ပုဂ္ဂိုလ်မှာ လာတယ်. . (မှန်ပါ့) ဒါ လူမိုက်အချိန် ဒါက (လူလိမ္မာအချိန်ပါ ဘုရား)။

ဒါ သူများပြောလား၊ ခန္ဓာဖြစ်စဉ်လား. . (ခန္ဓာဖြစ်စဉ် ပါ ဘုရား) ခန္ဓာဖြစ်စဉ်၊ သူများပြော မဟုတ်ပါဘူး (မှန်ပါ့ ဘုရား)။

သူများပြော မဟုတ်ပါဘူး၊ ခန္ဓာ့ဖြစ်စဉ်လို့ ခင်ဗျားတို့ သိပြီး သကာလ နေတဲ့အတွက် ဒါ. . ဘယ်သူ တောင်းပန်လို့ မှ ဒီအပါယ်ငရဲကို ဇာတိ၊ ဇရာ၊ မရဏဆိုတာ အပါယ်လေးပါး ပေါ့လေ. . (မှန်ပါ့) ဇာတိ၊ ဇရာ၊ မရဏဆိုတာ အပါယ်ဇာတိ၊ အပါယ်ဇရာ၊ အပါယ်မရဏ ဖြစ်နိုင်တာပဲ. . (မှန်ပါ့) အမျိုးမျိုး ဖြစ်နိုင်တယ်. . (မှန်ပါ့)။

ဒါက ခင်ဗျားတို့က ဘယ်လိုဖုံးဖိနေနေ သူ့လမ်းသူသွား တာပဲ. . (မှန်ပါ့) လူတွေကို အဝတ်ဖုံးပြီးသကာလ အိုတာ၊ ပျိုတာကို ကာကွယ်လို့ အသင့်အတင့်ရနိုင်သေးတယ်၊ ဝမ်းထဲမှာ စိတ္တုပ္ပါဒ်အစဉ်ကို ကာကွယ်လို့ မရဘူး. . (မရပါ ဘုရား)

သဘောပါပလား. . (ပါပါပြီ ဘုရား)။

**မဂ္ဂဗြဟ္မစရိယအကျင့်**

အဲဒီတော့ကို ဒီမဂ္ဂဗြဟ္မစရိယ = မဂ္ဂင်ငါးပါး. . (မှန်ပါ့) မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်တဲ့ပုဂ္ဂိုလ်ဟာ ဘာဖြစ်သတုံး၊ သူ ယှဉ်ပြထားပြီ၊ ဒါ. . သူ ဒီလမ်းသွားမှာပဲ. . (မှန်ပါ့) မဟုတ်ဘူးလား. . (မှန်ပါ့ဘုရား) ဒီ သမုဒယနဲ့ ဒုက္ခရမှာပဲ. . (ရမှာပါ ဘုရား) မဂ္ဂဗြဟ္မစရိယအကျင့်, ကျင့်တဲ့ပုဂ္ဂိုလ် ဒီသမုဒယနဲ့ ဒီ ဒုက္ခချုပ်မှာပဲ. . (မှန်ပါ့)။

ဒါဖြင့် ကျင့်တဲ့အချိန်နဲ့ မကျင့်တဲ့အချိန်ဆိုတာ သူများမေးရမှာလား၊ ဒီခန္ဓာထဲမှာပဲ ကိုယ့်ဟာကိုယ် ဝေဖန်ကြည့်ရမှာလား. . (ဝေဖန်ရမှာပါ ဘုရား)။

ကိုယ့်ဟာကိုယ် ဝေဖန်တဲ့အခါကျတော့ကို ဘုရားကကွာတဲ့ သူတစ်ပါးဟာ အကဲခတ်ရတာ မသိနိုင်ဘူးတဲ့. . (မှန်ပါ့)။

သူတစ်ပါးအကဲခတ်ရတာ. . (မသိနိုင်ပါ ဘုရား) ကိုယ့်ကိုယ်ကိုယ် အကဲခတ်ကြည့်ပါတဲ့. . (မှန်ပါ့ ဘုရား) ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ကိုယ့်ကိုယ်ကိုယ် အကဲခတ်ကြည့်ပါ၊ ငါသည် သမုဒယနဲ့ ဒုက္ခဖြစ်သလား၊ ငါသည် သမုဒယနဲ့ ဒုက္ခချုပ်သလား၊ ကိုယ့်ကိုယ်ကိုယ် အကဲခတ်ကြည့်လိုက် ဦးမာဒင် ပေါ်တယ်. . (မှန်ပါ့) မပေါ်သေးဘူးလား. . (ပေါ်ပါတယ် ဘုရား)။

**ဒါတွေအသာထားစမ်းပါ**

ငါကျောင်းဆောက်နေတယ်၊ ငါဘုရားတည်နေတယ်၊ အသာထားစမ်းပါ ဒါတွေ. . (မှန်ပါ) မဆိုင်ပါဘူး။ ဒါတန်း, မတန်းသာကြည့်၊ မဟုတ်ဘူးလား. . (မှန်ပါ)။

ငါကျောင်းဆောက်နေတယ်ကွ၊ ငါ ဘုရားတည်နေတယ်ကွ၊ ကျောင်းဆောက်တာက သူ့ဟာသူ လက်သမားက ဆောက်တာ၊ မဟုတ်ဘူးလား. . (မှန်ပါ့) စိတ်က သူ့ဟာသူ တန်းတာ(မှန်ပါ) ဘာဆိုင်တာမှတ်လို့. . (မဆိုင်ပါ ဘုရား)။

**ဆင်သေအုပ်လို့ လုံပါ့မလား**

ခင်ဗျားတို့က ဆင်သေ သားရေအုပ်တာကလေးက အတော်ကလေးကို အသားယူနေကြတယ်. . (မှန်ပါ) ဆင်သေ

သားရေအုပ်လို့ ဘယ်မှာလုံမှာတုံး. . (မလုံပါ ဘုရား) နွားသား ရေလောက်နဲ့ ဆင်သေကြီးကို ဘယ့်နှယ်လုပ်လုံမလဲ. . (မလုံ ပါ ဘုရား)။

အဲဒါ ခင်ဗျားတို့က ဦးလှတို့လူစု၊ ဦးမာဒင်တို့ လူစုတွေ က တပည့်တော် တော်တော်စိတ်ချရလောက်ပြီထင်ပါရဲ့ ဘုရား. . ခင်ဗျားတို့က ခင်ဗျားတို့ဟာ ခင်ဗျားတို့ပေါ့ဗျာ. . (မှန်ပါ့) တော်တော်စိတ်ချရလောက်ပြီထင်ပါရဲ့ ဘုရား၊ တော် တော်စိတ်ချရရဲ့ စိတ်ချရလောက်ဆိုတာတော့ ဘုန်းကြီး မပြော တတ်ဘူး မဟုတ်ဘူးလား. . (မှန်ပါ့ဘုရား) ဒီ ပဋိစ္စသမုပ္ပါဒ် နှစ်ခုနဲ့ အကဲခတ်. . (မှန်ပါ့) ဒါ လိုရင်းပဲ. . . (လိုရင်းပါ ဘုရား)။

ခင်ဗျားတို့ ဆင်သေ သားရေအုပ်တာ မလိုချင်ဘူး. . (မှန်လှပါ ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဒီဟာ လာမလာသာ အရေးကြီးတယ် (မှန်ပါ့) ရှင်းပ လား (ရှင်းပါပြီ ဘုရား) ဒီဟာ ပြတ်မပြတ် ဒါပဲ အရေးကြီး တယ်. . (မှန်ပါ့) မဟုတ်ဘူးလား. . (မှန်ပါ့)။

ဘုရားတည်တာက အပြကိုးဗျ. . (မှန်ပါ့ ဘုရား) အပြ တွေနဲ့ ဦးမာဒင် ဒီကနေပြီး အမှန်ယူရမှာလား. . (မယူရပါ ဘုရား) အတွင်းက အမှန်ယူမှပေါ့. . (မှန်ပါ့) ပေါ်ပလား. .

(ပေါ်ပါပြီ ဘုရား)။

အဲဒီတော့ ပြုံးချင်ရင်လဲ ခင်ဗျားတို့ ဒီနှစ်ခုမှာ ဒီဘက်က နေပြုံး၊ ဟုတ်လား. . (မှန်ပါ့ ဘုရား) ဖုံးချင်တဲ့ ဥစ္စာဆိုရင်လဲ ခင်ဗျားတို့ ဒီဟာကို ဖုံးနေတယ်လို့ အောက်မေ့ပါ၊ ခင်ဗျားတို့ ပြောနေတဲ့ဟာ ဒါတွေဖုံးနေတာ. . (မှန်ပါ့) ဒီသမုဒယနဲ့ ဒုက္ခ ဖုံးနေတာ. . (မှန်ပါ့၊ ဖုံးနေပါတယ် ဘုရား)။

ကျုပ်တော့ဗျာ သတိမလစ်ပါဘူး၊ အသက်ကလဲကြီး လာတော့ သူတော်ကောင်းစိတ်ကလဲ ဝင်စားလာတော့ လျှုဒါန်း စွန့်ကြဲဆိုတာလဲ တယ်မပြတ်ဘူး. . (မှန်ပါ့) ဒါ ဖုံးနေတာ. . (ဖုံးပါတယ် ဘုရား) ဒါဖုံးနေတာဗျ. . (မှန်ပါ့) ရိပ်မိပလား. . (ရိပ်မိပါပြီ ဘုရား)။

## ဘာပြောနေနေ၊ ကိုယ့်မှန်ကိုယ်ကြည့်

ဒါတော့ပါကို မပါဘူး၊ ပါရဲ့လား. . (မပါပါဘုရား) မပါတော့ မင်းတို့ဘာပြောနေနေ အသက်အရွယ်ကြီးလို့ ဦးလှ တို့ ဆံဖြူပြီ၊ သွားကျိုးပြီ ဟုတ်လား. . (မှန်ပါ့) ဘာပြောနေနေ ကိုယ့်မှန်ကိုယ်ကြည့်. . (မှန်လှပါ ဘုရား) သဘောကျပလား. . (ကျပါပြီ ဘုရား)။

ဒီ မှန်နှစ်ချပ်ထားတယ်၊ ဟုတ်လား. . (မှန်ပါ့) ကိုယ်က ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဒါကို မြင်သလား၊ ဒါကို မြင်သလား၊ ကိုယ့်မှန်နဲ့ ကိုယ်သာကြည့်. . (မှန်ပါ့)။

ကိုယ့်မှန်နဲ့ ကိုယ်ကြည့်လို့ရှိရင်ဖြင့် ဒီဘက်ကဟာ ဖြစ်တာသိနေလို့ရှိရင် သမုဒယချုပ်မှာပဲ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဒီဘက်ကဟာ မလာဘူး၊ သမုဒယနဲ့ ဒုက္ခဖြစ်မှာပဲ (ဖြစ်မှာပါပဲ ဘုရား) ဘာဖုံးလို့ဘာဖိနေနေ၊ ဒါအပိုပဲ၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကျင့်ပုံကျင့်နည်း မပြောရသေးပါဘူး. . (မှန်ပါ့) ခင်ဗျားတို့ စိတ်နေစိတ်ထားကတော့ တစ်နေ့မှာ ဒီဘက်ကလား၊ ဟိုဘက်ကလား၊ ဟိုဘက်နာရီမှာ ဒီဘက်ကလား၊ ဟိုဘက်ကလား၊ နောက်နာရီမှာ ဒီဘက်ကလား၊ ဟိုဘက်ကလား၊ ဒါ အကဲခတ်နေ၊. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ) နာရီနဲ့ စက္ကန့်နဲ့သာ အကဲခတ်၊ ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။

အဲဒီတော့ သူများပြောကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒါ သူများပြောပဲ မှားသည်ရှိ မှန်သည်ရှိ မြင်ဘက်ကနေ အကဲခတ်တာကွ၊ ငါ့ဟာငါ အကဲခတ်ကြည့်တော့ မတူဘူးဟေ့. . . (မှန်ပါ့) ရိပ်မိပလား. . (ရိပ်မိပါပြီ ဘုရား)။

## ဆိုင်းဘုတ်ကြည့်ပြီး သာဓုခေါ်သွားတာ

ဘယ့်နှယ် အကဲခတ်မတုံး၊ ကိုယ့်ဟာကိုယ် အကဲခတ်ကြည့်မှ သိတာကိုး. . (မှန်ပါ့) သူများဆိုတာကတော့ တစ်ခါတည်း တစ်သိန်းကုန် ဒီပစ္စည်းကို နိဗ္ဗာနပစ္စယော လုပ်လိုက်ပါတယ်၊ ဆိုင်းဘုတ်ကြည့်ပြီး သာဓုခေါ်သွားတာ၊ မဟုတ်ဘူးလား. . (မှန်ပါ့) ကိုယ်က ဘဝတဏှာနဲ့ လုပ်ထားလို့ရှိရင် သမုဒယနဲ့ ဒုက္ခရမယ်. . (ရပါတယ် ဘုရား)။

အဲဒီတော့ သူများက ဆိုင်းဘုတ်ကြီးကြည့်ပြီး သာဓုခေါ်ပေမယ့် ကိုယ့်မှာက သမုဒယနဲ့ ဒုက္ခဖြစ်နေတယ်. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

သူများက ဆိုင်းဘုတ်ကြီးကြည့်ပြီး သာဓုခေါ်ပြောသော်လဲ ကိုယ့်မှာ ဘာဖြစ်နေသတုံး. . (သမုဒယနဲ့ ဒုက္ခဖြစ်နေပါတယ် ဘုရား)။

ဒါဖြင့် သူများ သာဓုခေါ်တာဟာ ကိုယ့်ဒုက္ခကင်းရေးလား ကိုယ့်အလုပ်မလုပ်တတ်လို့ ကိုယ့်ဒုက္ခရရေးလားဆိုတာ မေးလိုက်. . (မှန်ပါ့) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား) ရှင်းပြီနော်. . (ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ရပ်နဲ့ ရွာနဲ့ ဘာမှ တွေးမနေ

နဲ့ ကိုယ့်မှန်ကိုယ်ကြည့်. . (မှန်ပါ့) ကိုယ့်မှန်ဆိုတာက ဒီမှန်တစ်ချပ်, ဒီမှန်တစ်ချပ်. . (မှန်ပါ့)။

ကိုယ့်ရှိတာမို့ ဖြစ်ပြီးသားမို့ ကိုယ့်ဉာဏ်နဲ့ ပြန်ကြည့်လိုက်တဲ့အခါကျတော့ ဒီနေ့ ဒါများတယ်၊ ဒါ မပါဘူး။ ဒီနေ့ ဒါများတယ်၊ ဒါ မပါဘူး၊ ဒါ သူများ မေးရမှာလား. . (ကိုယ့်ဟာကိုယ် ကြည့်ရမှာပါ ဘုရား) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။

ကိုယ့်ဟာကိုယ် ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် မောင်ချစ်စိန် သိရောပေါ့ကွာ. . (မှန်ပါ့) ဖုံးဖိလို့ ရသေးရဲ့လား. . (မရပါ ဘုရား)။

ဒို့ပြင် လူသာစုခေါ် နတ်သာစုခေါ်တွေကို တယ်မလိုချင်ပါနဲ့. . (မှန်ပါ့) ခင်ဗျားတို့က လူသာစုခေါ်၊ နတ်သာစုခေါ် တယ်တွင် လမ်းဆုံးတယ်. . (မှန်ပါ့) မဆုံးဘူးလား. . (ဆုံးပါတယ် ဘုရား) သဘောကျရဲ့လား. . (ကျပါတယ် ဘုရား)။

လူသာစုခေါ်၊ နတ်သာစုခေါ် ဒါ အရပ်စကားပါ. . (မှန်ပါ့) ကိုယ့်ဟာကိုယ်သာစု မခေါ်နိုင်သေးဘူး. . (မှန်ပါ့) အရေးကြီးတာက ဘာတုံး၊ ကိုယ့်ဟာကိုယ် သာစုခေါ်နိုင်ဖို့. . (မှန်ပါ့) ရိပ်မိပလား. . (ရိပ်မိပါပြီ ဘုရား)။

လူသာစုခေါ်၊ နတ်သာစုခေါ် ငါ မလိုချင်ပါဘူးကွ၊ ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား) ဘာသာစုခေါ်တုံး. . (ကိုယ့်ဟာ

ကိုယ် သာခုခေါ် ရပါမယ် ဘုရား) ကိုယ့်ဟာကိုယ် သာစုမှ ကိုယ့်ဟာကိုယ် သိလို့ခေါ်တာကိုးဗျ. . (မှန်ပါ့)။

## မိစ္ဆာနတ်၊ သမ္မာနတ်ရှိတယ်

လူသာခုခေါ်၊ နတ်သာခုခေါ် ဆိုတာ လူဆိုတာ အသိဉာဏ်ရတာမဟုတ်ဘူး၊ ရမ်းပြီး သာခုခေါ်တာ. . (မှန်ပါ့) နတ်ဆိုတာကလဲ ထိုနည်းအတူပဲ၊ မိစ္ဆာနတ်, သမ္မာနတ်ရှိတယ်၊ မိစ္ဆာနတ်က ခေါ်တော့ အပိုပဲကွ. . (မှန်ပါ့) သမ္မာနတ်ကလဲ အကုန်တန်ခိုးကြီးတာ မဟုတ်ဘူး. . (မှန်ပါ့)။

## နတ်သာခုခေါ် ဆိုတာ အသာချိတ်ထား

အဲဒီတော့ လူသာခုခေါ်၊ နတ်သာခုခေါ် ဆိုတာ အသာချိတ်ထား. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ) ကိုယ်တိုင် သာခုခေါ်ဖို့ ဂရုစိုက်ပါ. . (မှန်ပါ)။

ဘယ်လိုလုပ်ကြမတုံး (မဂ္ဂဗြဟ္မစရိယအကျင့် ကျင့်ရပါမယ် ဘုရား) ဒါမှ ကိုယ့်ဟာကိုယ် သာခုခေါ်နိုင်မှာကိုးဗျ. . (မှန်ပါ့) သူများ သာခုခေါ်တာကိုတော့ ခင်ဗျားတို့ဘာမှ ဂရု

မစိုက်နဲ့. . (မှန်ပါ့)။

သူများ သာစုက ပညာမရှိတဲ့လူ သာစုခေါ်လိုက်တာ ဟာ ဦးမာဒင်တို့၊ ဦးသာဒင်တို့ တော်တော်နာတယ်. . (မှန်ပါ့) ကိုယ်က ဘုံဘဝဆုတောင်းတယ်၊ ကိုယ်က ဘုံဘဝဆုတောင်း တဲ့ အလှူကြီးလှူနေတယ်၊ ဟိုက သာစုခေါ်လိုက်တယ်၊ မင်း ဒုက္ခရောက်တာ ဝမ်းသာတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်. . (မှန်ပါ့) သဘောပါပလား. . (ပါပါပြီ ဘုရား)။

ရမ်းခေါ်တာကိုးဗျ. . (မှန်ပါ့) ရမ်းခေါ်လိုက်တော့ မင်းကြီးကျသွားတယ်ကွာ ဝမ်းသာလိုက်တာ. . (မှန်ပါ့) ဒီ အဓိပ္ပာယ်လဲ ရတယ်. . (မှန်ပါ့) ဟိုမှာ ဒုက္ခသစ္စာကြီးရသွား တယ်. . (မှန်ပါ့ ဘုရား)။

## ကိုယ့်ဟာကိုယ် သာစုခေါ်ဖို့ ဂရုစိုက်

အဲဒါကြောင့် သူများ သာစုခေါ်တာတော့ မင်းတို့က ဂရုကို မစိုက်နဲ့၊ ကိုယ့်ဟာကိုယ် သာစုခေါ်ဖို့ ဂရုစိုက်. . (မှန် ပါ့) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။

ဘာလုပ်ကြမယ်. . (မဂ္ဂဖြဟ္မစရိယ သိက္ခာပုဒ်အကျင့်, ကျင့်ရပါမယ် ဘုရား) သိက္ခာပုဒ် မဟုတ်ဘူးဗျ. . (မှန်ပါ့) မဂ္ဂ

ဖြဟ္မ စရိယအကျင့်ကို ကျင့်ရမယ်. . (မှန်ပါ) ရှင်းပြီနော်. . (မှန်ပါ့)။

ဦးမာဒင် ဒါဖြင့် ခင်ဗျားတို့ ယူထိုက်မှယူ၊ ဘယ်သူ ဘာပြောပြော ကိုယ့်ဟာကိုယ် သာခုမခေါ်နိုင်သေးတဲ့ အလုပ်ဟာ မဟုတ်သေးဘူးသာမှတ်. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

ဘယ်သူဘာပြောနေနေ၊ ဦးမာဒင်ကြီးတို့ အရွယ်ကြီးကြလို့ သတိတော့ ရရှာသကွာ၊ ဦးလှကြီးလဲ ၇၁ နှစ်ရှိတယ်၊ ဆရာ ဘုန်းကြီးကောင်းနဲ့ တွေ့သွားရှာသကွာ၊ သာခု-သာခု-အို. . မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ ကိုယ့်မှာ သက္ကာယ တန်းလန်းနဲ့ မဂ္ဂဗြဟ္မစရိယအကျင့်က မကျင့်ရသေးဘူး. . (မှန်ပါ့) မဟုတ်ဘူးလား. . (မှန်ပါ့)။

## မင်းတို့သာခုခေါ်တာ ငါရှက်တယ်

သမုဒယနဲ့ ဒုက္ခမချုပ်သေးဘူး. . (မချုပ်သေးပါဘုရား) မချုပ်သေးလို့ရှိရင်ဖြင့် မင်းတို့ သာခုခေါ်တာ ငါ ရှက်လှချည်ရဲ့. . (မှန်ပါ)။

ဒီလိုသာ အောက်မေ့ရမယ်၊ သူတို့သာခုခေါ်တာ ကိုယ်

ရှက်ပါ. . (မှန်ပါ) ဘာဖြစ်လို့တုံးဆိုတော့ ကိုယ့်မှာမှ မဂ္ဂဗြဟ္မစရိယအကျင့် မကျင့်သေးဘဲနဲ့ သူတို့ သာဓုခေါ်စောတဲ့အတွက် ကိုယ့်မှာ ရှက်စရာကြီး. . (မှန်ပါ့) သဘောပါပလား. . (ပါပါပြီ ဘုရား)

ကိုယ်က ဝဋ္ဋဒါနကြီးလုပ်နေတယ်၊ နိဗ္ဗာန်သေချာပြီ ပြောတာနဲ့ ဝမ်းသာရင်ခက်တယ်. . (မှန်ပါ) သေသေချာချာ ခက်တယ်. . (ခက်ပါတယ် ဘုရား)။

ကိုယ်က လုပ်တာက ဘာဒါနတုံး. . (ဝဋ္ဋဒါနပါ ဘုရား) ဘေးက လူတွေကတော့ မသိရှာတော့ ဩော်. . သူတို့တော့ဖြင့် နိဗ္ဗာန်လက်ဝါးနဲ့ပုတ် မလွဲဘူး. . (မှန်ပါ) အင်း. . ခက်ပါသေးတယ်၊ ပေါ်ပလား ဦးလှရဲ့. . (ပေါ်ပါပြီ ဘုရား)။

## လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး

ကိုင်း. . ဒါဖြင့် ခင်ဗျားတို့ဘုရားက လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးဆိုတာသာ အဓိကထားတာ. . (မှန်ပါ) လူမိုက်က သမုဒယနဲ့ ဒုက္ခဖြစ်တယ်ကွ ဒါ. . အနာဂတ်အကြောင်းကို. . (မှန်ပါ)။

အနာဂတ်အကြောင်းကြောင့် အနာဂတ်အကျိုးဖြစ်ပါ

တယ်။ လူလိမ္မာကတော့ ပစ္စုပ္ပန် မဂ္ဂဖြဟ္မစရိယကြောင့် အနာဂတ်အကြောင်းနဲ့ အနာဂတ်အကျိုးချုပ်တယ်. . (မှန်ပါ) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံးမေးတော့မှ မဂ္ဂဖြဟ္မစရိယအကျင့် ကျင့်တာ ဘာခေါ်ကြမယ်. . (လူလိမ္မာခေါ်ပါတယ် ဘုရား) မဂ္ဂဖြဟ္မစရိယအကျင့် မကျင့်ဘဲနဲ့ ပဋိစ္စသမုပ္ပါဒ်ထုံးစံအတိုင်း သွားနေတာ (လူမိုက်ပါ ဘုရား)။

ခင်ဗျားတို့က အရပ်ထဲက မေးလို့ရှိရင် ကျုပ်တို့တော့ဗျာ လူဆိုးမထင်ပါနဲ့. . (မှန်ပါ) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။ ကျုပ်တို့တော့ လူဆိုးမထင်ပါနဲ့ဆိုတော့ (ဒီအတိုင်းသွားရင် ဟုတ်ပါတယ် ဘုရား) ဟုတ်ပလား. . (မှန်ပါ)။

အဲဒီတော့ ပုတီးပုတီးနဲ့နေလဲ မဟုတ်သေးဘူးကွ. . (မှန်ပါ) အဝတ်အသွင်ဝတ်နေရုံလဲ မဟုတ်သေးဘူးကွ၊ ဒါလိုရင်းပဲ. . (မှန်ပါ) ဒါ လိုရင်းပဲဆိုတာ သဘောပါကြပလား. . (ပါပါပြီ) ကဲ. . . ကျေနပ်ပလား. . (မှန်ပါ)။

ဒါဖြင့် ဒီအထဲမှာ တစ်နေ့ကပြောခဲ့တဲ့ မဂ်လသုတ်ဆက်လိုက်. . (မှန်ပါ) လူမိုက် လူမိုက်ဆိုတာ လူက လူမိုက်တာလား၊ အတွင်းတရားက မိုက်တာလား. . (အတွင်းတရားက မိုက်တာပါ ဘုရား) လူလိမ္မာ လူလိမ္မာဆိုတာကကော. .

(အတွင်းတရားက လိမ္မာတာပါ ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

လူက ဘယ်တော့မှ မမိုက်ဘူး၊ အတွင်းတရားက မိုက်ရင် မိုက်တာပဲ. . (မှန်ပါ) အတွင်းတရားက လိမ္မာရင်လဲ. . (လိမ္မာပါတယ် ဘုရား) လိမ္မာတာပဲဆိုတာ သေချာပလား. . (သေချာပါပြီ ဘုရား)။

ဒါဖြင့် အခု အသေဝနာစဇာလာနံ မမှီဝဲကောင်းတဲ့တရား မှီဝဲလို့ မဖြစ်ကောင်းတဲ့တရားဖြစ်တယ်. . (မှန်ပါ) ဒီပဋိစ္စသမုပ္ပါဒ် သမုဒယနဲ့ ဒုက္ခ၊ ရှင်းပလား. . (ရှင်းပါပြီ) သမုဒယ လောဘတစ်လုံးတည်း မယူနဲ့၊ တဏှာ, ဥပါဒါန်, ကံ ဒါဖြစ်ကြောင်းချည့်ပဲ ဒုက္ခ. . (မှန်ပါ) သဘောပါသလား. . (ပါပါပြီ ဘုရား)။

ဒီတရားပေါ်လာရင် အသေဝနာစ ဇာလာနံ ဒီတရားပေါ်လာရင် ပဏ္ဍိတာနဉ္စသေဝနာ. . (မှန်ပါ) ဒီတရား ဆက်နေရင်. . (အသေဝနာစ ဇာလာနံပါ ဘုရား) ဒီတရားပေါ်လာရင်. . (ပဏ္ဍိတာ နဉ္စသေဝနာ) သဘောပါသလား. . (ပါပါပြီ ဘုရား)။

ဒီတရားလာရင်. . (အသေဝနာစ ဇာလာနံပါ) မမှီဝဲကောင်းတဲ့ တရား သူ မှီဝဲနေတယ်. . (မှန်ပါ့) ဒီတရားကို သူ

ကြိုးစားရင်. . (ပဏ္ဍိတာနဥ္စ သေဝနာပါ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ လူမိုက်နဲ့ လူလိမ္မာဆိုတာ မင်္ဂလသုတ်မှာလဲ ဒါပဲ ဟောတယ်၊ အခု သံယုတ်ပါဠိတော်မှာလဲ. . (ဒါပဲ ဟောပါတယ်) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဒီနောက်က တဏှာဒိဋ္ဌိ လာနိုင်သေးရဲ့လား. . (မလာနိုင်ပါ ဘုရား) မလာနိုင်ရင် ခန္ဓာဖြစ်ပါ့မလား. . (မဖြစ်ပါ) မဖြစ်လို့ရှိရင် အို, သေ ဆိုတာ မလာတော့ဘူး. . (မလာပါ) ဒါဖြင့် အို, သေ မလာတာ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့၏ ချုပ်ရာဟာ နိဗ္ဗာန်ပဲ. . (မှန်ပါ)။

ကဲ. . ပါသွားတာပဲ၊ ခန္ဓာချုပ်ရာ နိဗ္ဗာန် အို-သေ ချုပ်ရာ. . (နိဗ္ဗာန်ပါ) တဏှာ ဒိဋ္ဌိချုပ်ရော. . (နိဗ္ဗာန်ပါ ဘုရား) ဒီသုံးခုချုပ်ကတည်းက နိဗ္ဗာန်ပဲ. . (မှန်ပါ့ ဘုရား)။

တော်တော်နေရာကျသွားပြီ. . (မှန်ပါ့) တော်တော်နေရာကျသွားပြီ၊ ကောင်းပြီ ခင်ဗျားတို့က နောက် အကြောင်းညီညွတ်မှ တွေ့ရမယ်၊ တွေ့ချင်မှလဲ တွေ့မယ်၊ သူကတော့ တွေ့နိုင်တယ်၊ ကိစ္စမရှိဘူး၊ သမီးရှိသေးလား. . (ပြန်သွားပါပြီ) မှတ်မိရဲ့တော်ပြီ၊ နို့. . သားက ဒီမှာလား. . (သားက ဒီမှာပါ ဘုရား) အင်း. . အင်း ကောင်းတယ်။

## ဖြစ်ပျက်နဲ့မင်္ဂနဲ့ ကိုက်အောင်လုပ်ပါ

ကဲ. . ဒါဖြင့် ခင်ဗျားတို့ ရှုတဲ့အခါကျတော့ ဖြစ်ပျက် မဂ်၊ ဖြစ်ပျက်-မဂ်, ဖြစ်ပျက်-မဂ် ကိုက်အောင်လုပ်ရမယ်. . (မှန်ပါ) ဒီကြားမှာ တစ်ပါးသော တရား မဝင်စေနဲ့၊ သူနဲ့သူနဲ့ ကြားမှာ တစ်ပါးသော စိတ်တွေ မဝင်စေနဲ့၊ ဒါ သိပ်အရေးကြီး တယ်. . (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ကြားထဲမှာ. . (တစ်ပါးသောစိတ်တွေ မဝင်စေနဲ့ပါ ဘုရား) တစ်ပါးသော စိတ်ဆိုတာ လောဘလဲ မဝင် စေနဲ့၊ ဒေါသလဲ မဝင်စေနဲ့၊ မောဟလဲ မဝင်စေနဲ့နော်. . (မှန် ပါ့ ဘုရား)။

ဝင်လို့ရှိရင် ခင်ဗျားတို့ ခုနှစ်ရက်နဲ့ မရနိုင်ဘူး. . (မှန် ပါ့) ဝင်လို့ရှိရင် ခုနှစ်ရက်နဲ့ နိဗ္ဗာန်မရနိုင်ဘူး. . (မှန်ပါ့) သူ မဝင်လို့ မဝင်လို့ရှိရင်ဖြင့် ညနေအားထုတ် မနက်တောင်ရမယ် (မှန်ပါ) ညနေအားထုတ် မနက်တောင် နိဗ္ဗာန်ရမယ်၊ မဝင်ရင် ရမယ်. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

## ဖြစ်ပျက်မြင်ရင် တိဟိတ်

ကောင်းပြီ၊ ခင်ဗျားတို့ အခု သူများက ပြောလိမ့်မယ်၊

မင်းတို့ တိဟိတ်လား၊ ဒွိဟိတ်လားဆိုရင် ဖြစ်ပျက်မြင်ရင် တိဟိတ်သာ မှတ်လိုက်. . (မှန်ပါ့) ဖြစ်ပျက်မြင်လို့ရှိရင် တိဟိတ် မှတ်ရမယ်. . (မှန်ပါ့ ဘုရား)။

ဒီကြား ကိလေသာကြားသာ မစွက်ရင်တော့ မနက် အားထုတ် ညနေရမယ်. . (မှန်ပါ့) ဆိုတော့ ကိလေသာဆိုတာ လဲ ဆယ်ပါးတောင် ရှိတယ်. . (မှန်ပါ့) ရှိပေမယ့် ခင်ဗျားတို့က ဒါနဲ့ဒါ ကိုက်အောင်လုပ်ရင် ဘယ်ဟာမှ မလာနိုင်ပါဘူး၊ လာနိုင် ပါ့မလား. . (မလာနိုင်ပါ ဘုရား) အဲဒီမှာ ဝီရိယပြင်းထန်ပေး လိုက်

လောဘကိလေသာ, ဒေါသကိလေသာ, မောဟကိ လေသာ, ဣဿာကိလေသာ, မစ္ဆရိယကိလေသာ, ကုက္ကုစ္စ ကိ လေသာ. . (မှန်ပါ့) မာနကိလေသာ, ဥဒ္ဓစ္စကိလေသာ, ဝိစိ ကိစ္ဆာကိလေသာ, အဝိဇ္ဇာကိလေသာ, ကိလေသာ ဆယ်ပါး တောင် ရှိတယ်. . (မှန်ပါ့ ဘုရား)။

အဲဒါ ကြားမထိုးဘဲနဲ့ သူက ဖြစ်ပျက် သူက နောက်က မဂ် မြန်မြန်လိုက်၊ ဖြစ်ပျက်မြင်တဲ့ မဂ်လိုက်လိုက်. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ ဘုရား)။

သူက ဖြစ်ပျက်ဆိုရင် နောက်က ဩော်. . ဖြစ်ပျက်ကို မြင်တာ ချက်ချင်းလိုက်. . (မှန်ပါ) သူက ဖြစ်ပျက်သွားပြီဆို

ရင် သူက ဖြစ်ပျက်မြင်တာကို. . (ချက်ချင်းလိုက်ရပါမယ် ဘုရား)။

ဒီလို လိုက်. . လိုက်သွားတော့ ကိလေသာ ဆယ်ပါး သူတို့ကြားထဲ ဝင်သေးရဲ့လား. . (မဝင်ပါ ဘုရား) မဝင်လို့ရှိရင် ညနေ အားထုတ်ရင် မနက်ရမှာပဲ. . (မှန်ပါ့) မနက် အားထုတ် ညနေရမယ်ဆိုတာကို ဘုရားဟောခဲ့တယ်ဆိုတာ သေသေချာချာမှတ်ပါ. . (မှန်ပါ ဘုရား)။

ဘုရားကိုက ဟောတာ၊ ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ် မနက် အားထုတ် ညနေရတာပဲ မဟုတ်လား. . (မှန်ပါ့) ဒီ့ထက်ဖျင်းတဲ့ လူဟာ ခုနှစ်ရက်လောက် ကြာတတ်တယ်. . (မှန်ပါ ဘုရား)။

သိပ်ဖျင်းတဲ့လူဟာ ခုနှစ်ရက်လောက် ကြာတတ်တယ်၊ ဒါပဲ. . (မှန်ပါ့) အဲဒီတော့ ဒါကတော့ ကိုယ့်ပေါ်မှာ မူတည်တယ်လို့ အောက်မေ့ပါ. . (မှန်ပါ့) ရှင်းပြီနော်. . (မှန်ပါ ဘုရား)။

ကောင်းပြီ. . ဒါဖြင့် ကိလေသာ ကြားမခိုဖို့ဟာ ဒီအထဲမှာ နည်းသိပြီးသည့် အခြားမဲ့၌ ကိလေသာ ကြားမခိုဖို့ရာ ဦးလှ အရေးအကြီးဆုံး. . (ကြီးပါတယ် ဘုရား)။

နည်းသိပြီးရင် ဘာအရေးကြီးသလဲ. . (ကိလေသာ ကြားမခိုဖို့ အရေးကြီးပါတယ်) ကိလေသာကြားမခိုဖို့ သိပ်အရေး

ကြီးပါတယ်. . (မှန်ပါ ဘုရား)။

## ဝီရိယကို ပြင်းထန်ပေးလိုက်ပါ

နည်းသိဖို့ရာ ပထမအရေးကြီးတယ်၊ နည်းသိပြီးတော့ သူကြားမခိုဖို့ကိုတော့ ဟောဒီအထဲမှာ ဝီရိယပါတယ်၊ သမ္မာဝါယာမဆိုတာ. . (မှန်ပါ့) အဲဒီ ဝီရိယကို ပြင်းထန်ပေးလိုက်၊ သူ ကြားမခိုနိုင်တော့ဘူး၊ ဒီအထဲ ဝီရိယကိုသာ ပို့ပေး-ပို့ပေးလိုက်လို့ရှိရင် ကြားမခိုနိုင်ဘူးဆိုတာ သဘောကျပြီ. . (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် နည်းကောင်းကောင်း ငါရပြီဆိုပြီး သကာလ ခင်ဗျားတို့ ဒီဥစ္စာကို ဆယ့်သုံးခုပဲ ခန္ဓာကိုယ်ထဲမှာ ရှိတယ်၊ ဒါ လှည့်ရှုရုံပဲ. . (မှန်ပါ့)။

လှည့်ရှုလို့ အကုန်မြင်ပြီ၊ တပည့်တော်တို့ ရှုတိုင်း ရှုတိုင်း ဖြစ်ပျက်နဲ့ မင်္ဂနဲ့လဲ ကိုက်တယ်၊ ကိလေသာလဲ ကြားမခိုဘူးဆိုလို့ရှိရင် ခင်ဗျားတို့ ဒါဟာ ၁-နံပါတ်အချက် အောင်ပြီ. . (မှန်ပါ့ ဘုရား)။

၁-နံပါတ် အချက်အောင်ပြီးတော့ ၂-နံပါတ်ကို ပြောလိုက်မယ်၊ ၁-တော့ အောင်သွားပြီ၊ ဖြစ်ပျက်နဲ့ မင်္ဂနဲ့ကိုက်ရင် ၁-အောင်ပြီ. . (မှန်ပါ့)။

အဲဒီဖြစ်ပျက်ကို အောင်တယ်လို့ ခင်ဗျားတို့က မနေဘဲနဲ့ ဆက်ရှု ဆက်ရှုလို့ရှိရင် ဒီဖြစ်ပျက်တွေဟာ မိမိအသေလို့ မှတ်ပါ. . (မှန်ပါ) ဒါ မိမိသေနေတာ သူများသေတာ မဟုတ်ဘူး. . (မှန်ပါ)။

## မုန်းလာလို့ရှိရင် ၂–နံပါတ်တက်ပြီ

ဒါ ဘာသေတာတုံး. . (မိမိသေတာပါ ဘုရား) မိမိသေတယ်၊ မိမိအသေ မိမိမြင်မိသောကြောင့် ဟောဒီဉာဏ်သည် မဂ္ဂင်ငါးပါးသည် မုန်းတဲ့မဂ္ဂင် လာဖြစ်သည်၊ မုန်းလာလို့ရှိရင် ၂-နံပါတ်တက်လို့ မှတ်. . (မှန်ပါ) ဒါတွေရှုတာ မုန်းလာလို့ရှိရင် ၂-နံပါတ်တက်ပြီလို့ မှတ်. . (မှန်ပါ)။

မုန်းလာရင်. . (၂-နံပါတ်တက်ပါပြီ ဘုရား) ၂-နံပါတ်တက်ပြီ၊ သူများကို မေးစရာ မလိုဘူး. . (မလိုပါ ဘုရား) မလိုဘူးတဲ့၊ သူများကို မေးစရာ မလိုဘူးတဲ့။

ကောင်းပြီ၊ ဒါဖြင့် ၂-နံပါတ်က မုန်းတဲ့ဉာဏ် တက်လာရင် မုန်းတဲ့ဉာဏ် အထမြောက်ပြီ. . (မှန်ပါ) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ပြန်မည့်လူတွေမို့ ဉာဏ်အဆုံးပေးလိုက်မယ်. .

(မှန်ပါ) ကဲ-မုန်းပေမယ့်တဲ့ ခင်ဗျားတို့က ဆက်လက်ပြီး သကာလ ရှုနေကြပါလို့ ဘုန်းကြီးက ပြောတယ်. . (မှန်ပါ)။

## မရှုချင်လဲ ကြိုးစားရှုရမယ်

မုန်းပြီဘုရား၊ ရှုကို မရှုချင်ဘူး၊ မရှုချင်လဲ ရှုနေ၊ ကြိုးစားရှုရမယ်. . (မှန်ပါ) မရှုချင်ရင်. . (ရှုရပါမယ် ဘုရား) ကြိုးစား ရှုရမယ်၊ ကြိုးစားရှုတော့ ဒီဉာဏ်တက်လာလိမ့်မယ်၊ ၃-နံပါတ်တက်လာလိမ့်မယ်. . (မှန်ပါ)။

ဒီဟာတွေဟာ ဒုက္ခသစ္စာတွေပဲလို့ ဉာဏ်ထဲမှာ မြင်လာလိမ့်မယ်. . (မှန်ပါ) ဒုက္ခသစ္စာတွေပဲလို့ မြင်လာလို့ရှိရင် ၃-နံပါတ်တက်ပြီ. . (မှန်ပါ)။

## ဒုက္ခသစ္စာတွေလို့ ပိုင်ပိုင်နိုင်နိုင်သိရင်

ဒုက္ခသစ္စာတွေပဲလို့ မြင်လာရင်. . (၃-နံပါတ် တက်ပါပြီ ဘုရား) ၃-နံပါတ် တက်လာတဲ့အခါကျတော့ကို ခင်ဗျားတို့ ဩော်. . ဒါ ဒုက္ခသစ္စာပဲလို့ ၃-နံပါတ်လဲ တက်လာပါရော အခုပြောတဲ့ ဆယ့်သုံးခုတွေဟာ ခင်ဗျားတို့ ဉာဏ်ရှေ့မှာ ဒုက္ခ

သစ္စာတွေလို့ ပိုင်ပိုင်နိုင်နိုင်သိရင် အကုန်ပျောက်တယ်. . (မှန်ပါ ဘုရား)။

ဒါတွေ အကုန်ပျောက်သွားလိမ့်မယ်. . (မှန်ပါ့) ဒါတွေ အကုန်ပျောက်တော့ကို ခင်ဗျားတို့ ခန္ဓာပျောက်တယ်လို့ အောက်မေ့. . (မှန်ပါ့)။

## ရှုစ်ခုပြည့်သွားပြီ

ဒါတွေအကုန်ပျောက်သွားလိမ့်မယ်၊ ဒီက မဂ္ဂင်ကလဲ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝပြည့်မယ်၊ ရှစ်ခုပြည့်တယ်. . (မှန်ပါ့ ဘုရား)။

ရှစ်ခုပြည့်သွားပြီ၊ ဒါက ပျောက်ပြီးတော့ သွားတယ်၊ ဒါတွေဟာ ဒုက္ခတွေဖြစ်သွားတယ်၊ ဒုက္ခပျောက်ပြီးသကာလ သြော်-ဒုက္ခမရှိတာပါကလားလို့ ဒီဉာဏ်က သိတယ်. . (မှန်ပါ့ ဘုရား)။

## နိဗ္ဗာန်မြင်တဲ့ဉာဏ်

ဒါဖြင့် ဒီဉာဏ်သည် ၃-နံပါတ်ဉာဏ်သည် နိဗ္ဗာန်မြင်တဲ့ ဉာဏ်. . (မှန်ပါ့) ၃-နံပါတ်ဉာဏ်သည်. . (နိဗ္ဗာန်မြင်တဲ့

ဉာဏ်ပါဘုရား) နိဗ္ဗာန်မြင်တဲ့ ဉာဏ်ပဲလို့ မှတ်လိုက်ပါ. . (မှန်ပါ့)။

အဲဒီတော့ နိဗ္ဗာန်သာ မြင်တော့တယ်၊ ဒီဖြစ်ပျက်တွေ၊ သင်္ခါရတရားတွေ အကုန်ချုပ်တယ်. . (မှန်ပါ့) သင်္ခါရတရားတွေ. . (အကုန်ချုပ်ပါတယ် ဘုရား) အကုန်ချုပ်တယ်၊ ဘာမှ မရှိဘူးလို့ ဆုံးဖြတ်ချက်ချပါ. . (မှန်ပါ့)။

## သောတာပန်တည်တယ်

ဒါဖြင့် ဒီဉာဏ်ဟာ ဘယ်သူ့ကို မြင်နေသတုံး၊ သင်္ခါရချုပ်တဲ့ တရားမြင်နေတယ်. . (မှန်ပါ့) သင်္ခါရချုပ်တယ်ဆိုတာ ခန္ဓာပျောက်တယ်၊ အဲဒါ ပျောက်တာမြင်လို့ရှိရင် ဒါ နိဗ္ဗာန် ဒါ မဂ်ဉာဏ် သောတာပန်တည်တာပဲ. . (မှန်ပါ့)။

ဒီမဂ်ဉာဏ်လဲ ချုပ်သွားပြီးနောက် ဒီရှစ်ခုပဲ ဖိုလ်ဉာဏ်လာတာပဲ၊ နောက်ကျတော့ ဒီရှစ်ခုနောက်ကနေပြီး ပစ္စဝေက္ခဏာဉာဏ်တွေလာတယ်. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား)။

အဲဒီလိုလာတော့ ဒီအထဲမှာ ဒိဋ္ဌိရေသောက်မြစ်နဲ့ တကွ အကုန်ပျောက်တယ်၊ ပျောက်တော့ ဒီဘက်မှာ အပါယ်သွားဖို့

ခန္ဓာဖြစ်သေးရဲ့လား. . (မဖြစ်ပါ ဘုရား) အပါယ် အို, သေ ကော. . (မရှိပါ ဘုရား) မရှိဘူးဆိုတော့ ပထမနိဗ္ဗာန်ရပြီလို့ ဆုံးဖြတ်ချက်ချ. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ ဘုရား)။

## ဒုတိယနိဗ္ဗာန်ရချင်ရင်

ဘာရသလဲ. . (ပထမနိဗ္ဗာန် ရပါတယ် ဘုရား) ပထမ နိဗ္ဗာန်ရတယ်လို့ ဆုံးဖြတ်ချက်ချပါ၊ ပထမနိဗ္ဗာန်ရပြီးတဲ့ ပုဂ္ဂိုလ် ဒုတိယနိဗ္ဗာန်ရချင်တော့ ခုနင်ကဟာ ပြန်ကောက်၊ ဒီအတိုင်း ပြန်ကောက်လိုက်ရင် ရတယ်. . (မှန်ပါ့)။

ခုနင်က ဆယ့်သုံးခု ပြန်ရှုရုံပဲ. . (မှန်ပါ) ခုနင်ကလိုပဲ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မုန်း ဒီဖြစ်ပျက်တွေဆုံးရင် ဒုတိယနိဗ္ဗာန် ရဦးမှာပဲ. . (မှန်ပါ့) ဒုတိယမဂ်ပေါ့. . (မှန်ပါ့)။

## တတိယနိဗ္ဗာန်လိုချင်ရင်

တတိယနိဗ္ဗာန် လိုချင်ပါသေးတယ်ဆိုရင် ထို့အတူပဲ ဒီက ပြန်ကောက်တယ်၊ အထူးတရား မရှိတော့ပါဘူး၊ သဘော ကျပလား. . (ကျပါပြီ ဘုရား)။

အဲဒီတော့ ပထမနိဗ္ဗာန်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ခင်ဗျား တို့ အလုပ်စဉ်နဲ့တကွ ပါသွားတယ်ဆိုရင် ဒါ ကိစ္စပြီးတာပဲ. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဒါက အို, သေပြတာ ၃-၄ ရက်ရှိနေပြီ. . (မှန်ပါ့) ခန္ဓာကိုယ်ထဲမှာ အိုတတ်သေတတ်တဲ့ ဓမ္မရှိတယ်. . (မှန်ပါ့) အဲဒါ ဘယ်ကလာတာတုံး. . (ခန္ဓာက လာပါတယ် ဘုရား) ခန္ဓာငါးပါးက လာတယ်။

**ခန္ဓာငါးပါးဘယ်ကလာသတုံး**

သိပြီ၊ ဩော်. . ခန္ဓာငါးပါးရှိလို့ အိုရ, သေရတယ်ဆို တာဖြင့် ရှင်းနေပြီ. . (မှန်ပါ့) ခန္ဓာငါးပါးကလဲ မိုးပေါ်ကျ မဟုတ်ပါဘူးတဲ့. . (မှန်ပါ့) သူ့မှာ အကြောင်းရှိပါသေးတယ်တဲ့၊ သူ ဘယ်ကလာသတုံး၊ စဉ်းစားကြပါ. . (တဏှာကလာပါတယ် ဘုရား)။

ဒီတဏှာကလဲ အလိုလိုတော့ အာရုံမရှိဘဲနဲ့ မပေါ်ဘူး တဲ့၊ အာရုံရှိမှသာ ပေါ်တယ်ဆိုတော့ သူဟာ အာရုံကြောင့်ပေါ် တာ. . (မှန်ပါ)။

ဘယ်အာရုံပါလိမ့်မလဲဆိုတော့ အာရုံတွေက နည်းတာ

မဟုတ်ဘူး၊ အာရုံခြောက်ပါးတောင်ရှိတယ်. . (မှန်ပါ့) ဘယ်သူ့ကြောင့် ပေါ်ပါလိမ့်မလဲလို့ စဉ်းစားတဲ့အခါကျတော့ မိမိနဲ့ ဘာမှ မပတ်သက်ရင် မပေါ်ဘူး. .၊ ဒါ့ကြောင့် ခင်ရာမင်ရာကပေါ်တယ်. . (မှန်ပါ့) ခင်ရာမင်ရာ မရှိရင်တော့. . (မပေါ်တော့ပါ ဘုရား)။

ဒီနား မန်ကျည်းပင် မရှိတော့ သူ့ဟာသူ ကျိုးနေတော့ ဩော်. . ကျိုးတတ်လို့ကျိုးတာပဲ ဘာမှမထိခိုက်ဘူး. . (မှန်ပါ့ ဘုရား)။

## တဏှာဘယ်ကလာသတုံး

ကိုယ့်သားသမီးကလေး ချော်လဲရင်တော့ အင်မတန် ထိခိုက်သွားတယ် မဟုတ်လား. . (မှန်ပါ့) အဲဒီတော့ ဒါဟာ ခင်ရာမင်ရာက လာတယ်ဆိုတာ သေချာတယ်. . (မှန်ပါ့) ဒီတဏှာဟာ ဘယ်ကလာသတုံး. . (ခင်ရာမင်ရာက လာပါတယ် ဘုရား)။

အဲဒီတော့ ခင်ရာမင်ရာဆိုတဲ့ဥစ္စာက မှတ်ရလိမ့်မယ်၊ ခင်ဗျား ဟို၊ ကိုယ့်ခန္ဓာအခင်ဆုံးလို့ မှတ်လိုက်. . (မှန်ပါ့) ခင်ရာမင်ရာဆိုတာ ကိုယ့်ခန္ဓာအခင်ဆုံး. . (မှန်ပါ့) သဘောပါပ

လား. . (ပါပါပြီ ဘုရား)။

ဘာအခင်ဆုံးပါလိမ့်. . (ကိုယ့်ခန္ဓာအခင်ဆုံးပါ ဘုရား) ကိုယ့်ခန္ဓာအခင်ဆုံး၊ ဒီပြင်လူခင်တယ်ဆိုတာ အလကား ပြောတာ၊ ကိုယ်မချိအမိသော်လည်း သားတော်ခဲလို့ အရှိသား ပဲ. . (မှန်ပါ့ ဘုရား)။

မယုံသေးလို့ရှိရင် သက်သေသာဓက ထုတ်ပြလို့ရှိရင် ရှင်းပါတယ်၊ သက်သေသာဓက ဘယ်လိုရှင်းသတုံးလို့ မေးတဲ့ အခါကျတော့ အိမ်ကို မီးလောင်နေတယ်၊ တစ်အိမ်လုံးလဲ အိပ် နေကြတယ်၊ မိမိက မီးလောင်တာ အရင်သိလို့ရှိရင် မိမိက အရင်ထွက်ပြေးပါတယ်. . (မှန်ပါ့) ကိုယ့်ကိုယ်ကိုယ် အရင် သယ်တယ်ထုတ်တယ်. . (မှန်ပါ့)။

## ကိုယ့်ကိုယ်ကိုယ် အခင်ဆုံး

ကိုယ့်ကိုယ်ကိုယ်. . (အရင်သယ်ထုတ်ပါတယ် ဘုရား) ပြီးတော့မှ နောက်မှ အချိန်ရသေးရင် သားကလေး သွားကယ်၊ သမီးကလေး သွားကယ်၊ ခင်ပွန်းမသွားကယ်ဆိုတော့ ဘယ်သူ့ အရင် ကယ်တင်သလဲဆိုတာ စဉ်းစားကြည့်စမ်း၊ ဘာတွေ့ကြ သလဲ. . (ကိုယ့်ကိုယ်ကိုယ် အရင်ကယ်တင်ပါတယ် ဘုရား)

ကိုယ့်ကိုယ်ကိုယ် အခင်ဆုံး. . (မှန်ပါ့)။

ဒါဖြင့် အဲဒါ ဝိပဿနာရှုရမယ်. . (မှန်ပါ့) သူ့ကြောင့် ကိုယ့်ကိုယ်ကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် နောက် ခန္ဓာငါးပါးရတယ်၊ နောက် ခန္ဓာငါးပါးရလို့ အိုရ၊ သေရတယ်. . (မှန်ပါ့)ဒါဖြင့် ကိုယ့်ကိုယ်သာ အခင်ဆုံး. . (မှန်ပါ့) ရှင်းလေ လား. . (ရှင်းပါပြီ ဘုရား)။

## ဝိပဿနာဘယ်သူ့ရှုရမှာတုံး

ဒါဖြင့် ကိုယ့်ကိုယ်အခင်ဆုံး. . (မှန်ပါ့) ကိုယ့်ကိုယ် အခင်ဆုံးလို့ တစ်ခါတည်း မှတ်လိုက်တော့ ပြီးသွားရော. . (မှန် ပါ ဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့အခါကျတော့ကိုတဲ့ ဘယ်သူ့ ရှုရ မှာတုံးဆိုတော့ ကိုယ်အခင်ဆုံးရှုရမှာ. . (မှန်ပါ့)။

ဝိပဿနာရှုတဲ့အခါကျတော့ (ကိုယ်အခင်ဆုံး ရှုရမှာပါ ဘုရား) အခင်ဆုံးကို ရှုရမယ်. . (မှန်ပါ့)။

အဲဒီတော့ ဝိပဿနာရှုရမယ်ဆို အရင်ကလို သတိ ပဋ္ဌာန်လေးပါးရှိတယ်နော်. . (မှန်ပါ့) ဝိပဿနာရှုရတော့မယ် ဆိုတော့ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်ရလိမ့်မယ်၊ ကိုယ်ရှုတဲ့

သတိပဋ္ဌာန်, ဓမ္မတွေရှုတဲ့ သတိပဋ္ဌာန်. . (မှန်ပါ့ဘုရား) လေးမျိုးရှိတဲ့အနက်က ဒါ. . ကိုယ့်ကိုယ်ချည်းမှတ်လိုက်ပါ. . (မှန်ပါ့ ဘုရား)။

ကြည့်လေ. . ရုပ်တရားကလဲ ကိုယ့်ရုပ်ပဲ၊ ဝေဒနာကလဲ. . (ကိုယ့်ဝေဒနာပါ ဘုရား) ကိုယ့်သန္တာန်ရှိတဲ့ဝေဒနာပဲ. . သညာသင်္ခါရဆိုတဲ့ ဓမ္မာနုပဿနာကလဲ ကိုယ့်သန္တာန်ရှိတာပဲ. . (မှန်ပါ့) စိတ်ဆိုတာကော. . (ကိုယ့်သန္တာန်ရှိတာပါပဲ ဘုရား) ကိုယ့်သန္တာန်ရှိတာပဲဆိုတာ မှတ်ထားလိုက်ပါ. . (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဒါတွေ အကုန်ရှုမနေနဲ့လို့ မှတ်လိုက်၊ စိတ်တစ်လုံးတည်းကိုပြမယ်၊ စိတ်တစ်လုံးတည်း ရှုလိုက်ရင် ကျန်တဲ့ သုံးပါး ပါလိမ့်မယ်. . (မှန်ပါ့)။

စိတ်တစ်လုံးတည်း ရှုလိုက်ရင်. . (ကျန်သုံးပါး ပါမှာပါ ဘုရား) ကျန်သုံးပါး ပါမယ်၊ သို့သော်. . ဒီဥစ္စာ ရှုပုံကလေး မပြောမီ ခင်ဗျားတို့ ဘုရားဟောတာတွေ နည်းနည်းနားထောင်လိုက်ပါဦး၊ ရှုပုံကလေး မပြောမီ. . (မှန်ပါ့) ဒီစိတ်တွေတော့ ရှုတော့မှာပဲ. . (မှန်ပါ့)။

ဘုရားက ဟောတယ်၊ ဒီနားကနေပြီး သကာလ ဘုရားပွင့်တယ်၊ ခင်ဗျားတို့ တဏှာရှိတဲ့လူက ပုထုဇဉ်မိုက်. . (မှန်ပါ့)

ပုထုဇဉ်မိုက်သည် ခန္ဓာဖြစ်တဲ့စိတ်ကို အားကြီးခင်တယ်၊ ဘယ်လို ခင်သတုံးဆိုတော့ ကျုပ်က စိတ်ကောင်းပါတယ်၊ ကျုပ်ဟာ စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပဲ၊ ကျုပ်စိတ်ဟာ ဘယ်တော့မှ မပျက်ဘူးဆိုတဲ့ စိတ်အပေါ်မှာ သက္ကာယဒိဋ္ဌိရှိတယ်. . (မှန်ပါ့)။

စိတ်ပေါ်မှာ သက္ကာယဒိဋ္ဌိ ရှိ-မရှိ (ရှိပါတယ် ဘုရား) ကျုပ်စိတ်တဲ့၊ တစ်ခါတည်း ကျုပ်စိတ်ဆိုတဲ့ သက္ကာယဒိဋ္ဌိက ရှိတယ်. . (မှန်ပါ့) ရှိတော့ စိတ်ပေါ်မှာ ဒိဋ္ဌိများတာကိုးဗျ. . (မှန်ပါ့) မပေါ်ဘူးလား. . (ပေါ်လာပါတယ် ဘုရား) စိတ်အပေါ်မှာ. . (ဒိဋ္ဌိများပါတယ် ဘုရား)။

## သောတာပန်တည်ချင်ရင် စိတ်ရှုပါ

ဒါဖြင့် ပထမ သောတာပန်တည်ချင်လို့ရှိရင် စိတ်ရှုရလိမ့်မယ်. . (မှန်လှပါ ဘုရား) ဒိဋ္ဌိခွာရမှာကိုး. . (မှန်ပါ့) ဒိဋ္ဌိခွာတဲ့ဝိပဿနာပေးရလိမ့်မယ်. . (မှန်ပါ့) ဒိဋ္ဌိခွာတဲ့ ဝိပဿနာ မပေးလို့ရှိရင် ရကိုမရဘူး. . (မှန်ပါ့)။

ဒါဖြင့် ပထမအဆင့် လိုချင်လို့ရှိရင် စိတ်ကိုရှု. . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ ဘုရား)။

အဲဒီတော့ ဘုရားက မင်းတို့ဟာ မင်းတို့စိတ်ကို ငါ့စိတ်, ငါ့စိတ်နဲ့ မင်းတို့က ဒိဋ္ဌိအင်မတန်စွဲတယ်တဲ့၊ အဲဒီငါ့စိတ်လို့ ဒိဋ္ဌိ, တဏှာနဲ့ မင်းတို့စွဲတယ်၊ စွဲလို့ ခန္ဓာငါးပါးရတယ်. . (မှန်ပါ့) ရလို့ အိုရ, သေရတယ်. . (မှန်ပါ့)။

ရလို့, အိုရ, သေရတာပါ. . တဲ့၊ အဲဒီတော့ မင်းတို့ ဒီစိတ်ဟာ ဘုရားဖြစ်တဲ့အခါကျတော့ ဉာဏ်နဲ့ကြည့်လိုက်တယ်၊ မင်းတို့စိတ်ဟာ လောကီဉပမာပြမယ်ဆိုလို့ရှိရင် အဆိပ်နဲ့ရောထားတဲ့အရက်ပဲ. . တဲ့. . (မှန်ပါ့)။

မင်းတို့သည် ငါ့စိတ်လို့စွဲတဲ့လူဟာ သောက်တာပဲ၊ ဒီအရက်ကို သောက်တယ်. . (မှန်ပါ့) ဒီအရက်သောက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒီခန္ဓာဒီအရက်သောက်တော့ ဒါ ခင်တယ်ပြောတာပါပဲ. . (မှန်ပါ့)။

ခင်တယ်, စွဲလမ်းတယ်၊ ဒိဋ္ဌုပါဒါန်, ကာမုပါဒါန်နဲ့ စွဲလမ်းတယ်. . (မှန်ပါ့) စွဲလမ်းတဲ့အခါကျတော့ သေသည်၏အခြားမဲ့၌ ခန္ဓာရတယ်. . (မှန်ပါ့) ခန္ဓာရလို့ အိုရ, သေရတယ်. . (မှန်ပါ့)။

ဒါဟာ အရက်သောက်မိလို့ဆိုတော့ ဒါ အရက်လို့ ဘုရားက လာဟောတာလား၊ ဘုရားပွင့်တာက ခင်ဗျားတို့ သန္တာန်ရှိတဲ့ စိတ်ကို အဆိပ်နဲ့ ရောထားတဲ့အရက် ဒါကို မသိတဲ့

မင်းတို့က ခင်ကြ, မျိုကြတဲ့အခါကျလို့ရှိရင်ဖြင့် ဒီခန္ဓာရတော့တာပဲ. . (မှန်ပါ့) ဒီခန္ဓာရရင် ဒီ အို,သေဆိုတဲ့ အဆိပ်တွေက သတ်တော့တာပဲ. . (မှန်ပါ့ ဘုရား) သဘောပါပလား. . (ပါပါပြီ ဘုရား)။

**ငါးမျိုးဟောထား**

ကောင်းပြီ၊ ဒါဖြင့် ဒီစိတ်ကို ခင်ဗျားတို့ ဘုရားက ငါ. . ငါးမျိုးဟောခဲ့မယ်. . တဲ့၊ သူ့ကို အနိစ္စလို့လဲ ရှု၊ ဒုက္ခလို့လဲ ရှု. . (မှန်ပါ့) အနတ္တလို့လဲ. . (ရှုရပါမယ် ဘုရား) အနတ္တလို့လဲ ရှုပါမဟုတ်ဘူးလား. . (မှန်ပါ့ ဘုရား) ရောဂါလို့လဲ ရှုပါ. . (မှန်ပါ့) သေစေတတ်တဲ့ရောဂါလို့လဲ ရှုပါ. . (မှန်ပါ့ ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ၊ ဒီစိတ်ကို ဘေးသင့်စေတတ်တဲ့ တရားလို့လဲ ရှုပါ. . (မှန်ပါ့) အိုဘေး, နာဘေးတွေ သင့်မယ်၊ သူ့ခင်လို့ရှိရင် ဒီဘေးတွေ လွတ်ပါ့မလား. . (မလွတ်ပါ ဘုရား) သင့်ရမှာပဲဆိုတာ သဘောပါပလား. . (ပါ ပါပြီ ဘုရား)။

## အနိစ္စတစ်လုံးရှရင် ပြီးတယ်

အဲဒီတော့ သူ့ကို ဘယ်နှစ်ချက်ရှုရမလဲ. . (ငါးချက်ရှုရပါမယ် ဘုရား) ငါးချက်ရှုရမယ်နော်. . (မှန်ပါ့) သို့သော် ငါးချက်ဆိုတာ ပရိယာယ်မျိုးစုံအောင်ပြောတာ၊ ခင်ဗျားတို့ ရှုလိုက်တော့ အနိစ္စတစ်လုံး ရှုလိုက်လဲ ပြီးတာပါပဲ. . (မှန်ပါ့) အနိစ္စတစ်လုံးတည်းရှုပါ၊ ကျန်တဲ့ ဥစ္စာ အကုန်ပါမယ်. . (မှန်ပါ့ ဘုရား)။

ဒီလို မရှုရင် သူ့ကိုနိစ္စလို့ ထင်လိုထင်မယ်၊ သုခလို့ ထင်လိုထင်မယ်၊ အနာမရှိဘူးလို့ ထင်လိုထင်မယ်. . (မှန်ပါ့) ဘေးမသင့်ဘူးလို့ ထင်ချင်ထင်မယ်. .၊ ထင်ရင် ခန္ဓာရမယ်၊ ခန္ဓာရရင် အိုဘေး၊ နာဘေး၊ သေဘေး လာမှာပဲ. . (မှန်ပါ) သဘောကျပလား. . (ကျပါပြီ ဘုရား) ဒါ. . ရှုကြစို့ဆိုတော့။

## စိတ်ဟာ ဘယ်နှမျိုးတုံး

ဒါဖြင့် ရှုရမှာ စိတ်ဟာ ဘယ်နှစ်မျိုးတုံးဆိုတော့ ခင်ဗျားတို့ ပြန်မည့်လူတွေက ဂရုစိုက်မှတ်၊ စိတ်ဟာများများမရှိပါဘူးတဲ့၊ မျက်လုံးကနေပြီးတော့ အာရုံကိုမြင်တဲ့ စိတ်တစ်မျိုး၊ နားထဲပေါ်တဲ့ ကြားတဲ့ စိတ်တစ်မျိုး၊ နှာခေါင်းမှာ နံတဲ့စိတ်တစ်မျိုး၊

လျှာမှာ စားတဲ့ စိတ်တစ်မျိုး၊ ကိုယ်ပေါ်မှာ ယားတဲ့, ယံတဲ့ ဒုက္ခစိတ်တစ်မျိုး. . (မှန်ပါ့ ဘုရား)။

ငါးခု ရသွားပြီ. . (မှန်ပါ့) ကိုယ်ပေါ်မှာ ကောင်းတဲ့ သုခစိတ်တစ်မျိုး၊ ခြောက်ခုရသွားပြီ. . (မှန်ပါ့) အဲဒါကို ပြင်ဘက်ညွှ်သည်ခြောက်ယောက်လို့ရေးလိုက်. . (မှန်ပါ့ ဘုရား)။

## အပြင်ဧည့်သည်

ပြင်ဘက်ဧည့်သည်ဘယ်နှစ်ယောက်တုံး. . (ခြောက်ယောက်ပါ ဘုရား) မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, ယားယံနာစိတ်, ကောင်းတဲ့စိတ်. . (မှန်ပါ့ ဘုရား)။

ဒါက ဒီယားစိတ်, ယံစိတ်, နံစိတ်ဟာက ကိုယ်ပေါ်မှာ ပေါ်တယ်. . (မှန်ပါ့) ကောင်းတဲ့စိတ်ကလဲ ကိုယ်ပေါ်မှာ ပေါ်တာပဲ. . (မှန်ပါ့) ကောင်းပြီ၊ ဒါဟာ ကြည့်လိုက်လို့ရှိရင် ကိုယ်၏ ပြင်ဘက်မှာပေါ်လို့ ပြင်ဘက်ဧည့်သည်ခြောက်ယောက်. . (မှန်ပါ့ ဘုရား)။

## အတွင်းဧည့်သည်

ပြင်ဘက်ဧည့်သည် ခြောက်ယောက်၊ ပြီးတော့ကို

အတွင်းဧည့်သည်ပြောမယ်၊ အတွင်းမှာလဲ လောဘစိတ် အာရုံ တစ်ခုကို လိုချင်တဲ့ လောဘစိတ်. . (မှန်ပါ့) ဒေါသစိတ်၊ မောဟ စိတ်. . (မှန်ပါ့ ဘုရား)။

အလောဘစိတ် မလိုချင်တဲ့စိတ်လဲ ရှိသေးတယ်၊ လှူ ချင်တန်းချင်, ပေးချင်ကမ်းချင်တဲ့ စိတ်ဟာ အလောဘစိတ်. . (မှန်ပါ့) အဒေါသစိတ်တဲ့၊ သူတစ်ပါးကို မပြစ်မှား ကြင်နာတဲ့ စိတ်၊ တစ်ခါတစ်လေ ဝမ်းထဲမှာ ပေါ်တယ်. . (မှန်ပါ့ ဘုရား)။

ဒါက အတွင်းဝမ်းထဲမှာပေါ်လို့ အတွင်းဧည့်သည် ငါး ယောက်လို့ မှတ်. . (မှန်ပါ့) ဒါ အားလုံးမှတ်ရမယ်၊ ဒါ ရှုရ မယ်. . (မှန်ပါ့ ဘုရား)။

အတွင်းဧည့်သည် ငါးယောက်တည်းထားရမှာလား ဘုရား၊ အဲ. . ငါးယောက်တည်းထားရမှာပေါ့၊ တစ်ယောက်က ရှုရဦးမယ်၊ ရှုမည့်သူမို့ ချန်ထားတယ်. . (မှန်ပါ့ ဘုရား)။

## အိမ်သည်

ကောင်းပြီ၊ ဒါဖြင့် အိမ်သည်နှစ်ယောက်. . (မှန်ပါ့) အိမ်သည်ဆိုတာက ခင်ဗျားတို့ ဒီ့ပြင်ဟာ မတွေးပါနဲ့၊ လေကို ပြင်ဘက်ထုတ်တဲ့စိတ်, လေကို အတွင်းပြန်ရှိုက်တဲ့စိတ်၊ ဒီစိတ်

ကို ယူပါ၊ လေကိုမယူနဲ့၊ ဘာဖြစ်လို့တုံး၊ စိတ္တာနုပဿနာမို့. . (မှန်ပါ့) စိတ္တာနုပဿနာဆိုတော့ လေကိုယူလို့မရဘူး. . (မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျား အမောဟ ချန်ပစ်ခဲ့. . (မှန်ပါ့) အမောဟဆိုတာက သူတစ်ခုတည်းဖြစ်တာ မဟုတ်ဘူးတဲ့၊ အမောဟဆိုတာ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိလဲ ခေါ်နိုင်တယ်. . (မှန်ပါ့) သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, မဂ္ဂင်ငါးပါး၊ ဒါ အမောဟ ပြဌာန်းတယ်၊ သူခေါင်းဆောင်. . (မှန်ပါ့ ဘုရား)။

## ဖြစ်ပျက်ဆိုတာ အနိစ္စပဲ

ဒါနဲ့ ခင်ဗျားတို့ ရန်ကုန်ပြန်မယ့်လူတွေက ဒီဧည့်သည်စိတ်လာရင်လဲ ဒီဧည့်သည်စိတ်ကို ဖြစ်ပျက်ရှုပါ. . (မှန်ပါ့) မြင်စိတ်လာလဲဖြစ်ပြီး ပျက်သွားတာပဲလို့ ဖြစ်ပျက်ရှုပါ. . (မှန်ပါ့) ကြားစိတ်လာရင်လဲ ကြားစိတ်ကို ဖြစ်ပျက်ရှုရုံပဲ ဖြစ်ပြီး ပျက်တယ်လို့ ရှု၊ ဒါ ဖြစ်ပျက်ဆိုတာ အနိစ္စပဲ. . (မှန်ပါ့)။

ကောင်းပြီ၊ ဒါတွေ သူပေါ်ရာကို လိုက်ရှုပါ၊ သူ မျက်လုံးထဲမှာ ပေါ်တယ်၊ နားထဲမှာ ပေါ်တယ်၊ နှာခေါင်းထဲမှာ ပေါ်

တယ်၊ လျှာပေါ်မှာ ပေါ်တယ်၊ သူတစ်ကိုယ်လုံးမှာ ပေါ်ချင်တဲ့နေရာမှ ပေါ်တယ်၊ သူကလဲ တစ်ကိုယ်လုံးမှာ ပေါ်ချင်တဲ့နေရာမှာ ပေါ်တယ်. . (မှန်ပါ့) ရှင်းပြီနော်. . (ရှင်းပါပြီ ဘုရား)။

တစ်ခါတလေကျတော့ စိတ်ကူးနဲ့ ပစ္စည်းတစ်ခု လိုချင်တဲ့ လောဘစိတ်လဲ ပေါ်တတ်တယ်၊ ဒေါသစိတ်လဲ ပေါ်တတ်တယ်၊ မောဟဆိုတဲ့ ဝိစိကိစ္ဆာဥဒ္ဓစ္စလဲ ပေါ်တတ်တယ်. . (မှန်ပါ့) ဒါတွေပေါ်လို့ရှိရင် အတွင်းဧည့်သည်လို့ ပေါ်ရာတစ်ခုတည်းရှု. . (မှန်ပါ့ ဘုရား)။

**မဂ္ဂင်ငါးပါး၊ အမောဟနဲ့ ရှုပေး**

နဂိုတုန်းက ဒါတွေဟာ ဆယ့်သုံးခုပြထားပေမယ့် တစ်ခုသာ ပေါ်လိမ့်မယ်၊ တစ်ခုကို ဒီမဂ္ဂင်ငါးပါးနဲ့ အမောဟနဲ့ ရှုပေး. . (မှန်ပါ့ ဘုရား)။

ဒါဖြင့် သူ ပေါ်လို့ရှိရင်လဲ သူက ဖြစ်ပျက်ဆိုရင် သူက မင်ဖြစ်မယ်. . (မှန်ပါ့) သူက ဖြစ်ပျက်ခဲ့လို့ရှိရင် သူက ရှုပေး သူက မင်ဖြစ်မယ်၊ ဒါ မင်ရတယ်ဆိုတာ ဒါပဲ၊ လောကီမင်ရတယ်. . (မှန်ပါ့ ဘုရား)။

တစ်ခါ လောဘစိတ်ကလေးပေါ်လာလို့ ခင်ဗျားတို့က

လောဘစိတ်ကလေးလဲကြည့်၊ ဒါလဲကြည့်လိုက်တော့ သူ မရှိတော့ဘူး၊ မရှိတာက ဖြစ်ပြီးပျက်သွားတာပဲ. . (မှန်ပါ့) ဒါလဲ သူက ဖြစ်ပျက် သူက မဂ်. . (မှန်ပါ့)။

**ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ရမယ်**

တော်တော်ကြာ ဒေါသစိတ်ပေါ်လာပြန်လဲ ကြည့်လိုက်ပြန်လဲ မရှိဘူး. . (မှန်ပါ့) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ရမယ်. . (မှန်ပါ့ ဘုရား) ဒါလဲ ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်၊ ဒါလဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ပေါ်တဲ့အခါ လိုက်ပေးပါ. . (မှန်ပါ့ ဘုရား)။

ဘာမှမရှိဘူး၊ အပြင်ဓည့်သည်ခြောက်ယောက်. . အတွင်းဓည့်သည် ငါးယောက် မရှိဘူး၊ အိမ်သည်နှစ်ခုက အမြဲတမ်း ရှုနေ၊ ဘာမှမရှိရင် သူတို့နှစ်ခု လှည့်ရှု. . (မှန်ပါ့) ဉာဏ်နဲ့ မှန်းရှုပါ. . (မှန်ပါ့ ဘုရား)။

ဦးလှ ဒါ ရှုနေတဲ့အချိန်ဖြင့် သူတို့ကို သူ တစ်လှည့်-သူ တစ်လှည့် သူက အလှည့်နဲ့ပေါ့လေ. . (မှန်ပါ့) ဘေးက အာရုံဝင်လာလို့ရှိရင် ပေါ်ချင်တာက ပေါ်လာလိမ့်မယ်. . (မှန်ပါ့) ပေါ်ရင် ပေါ်တာလိုက်ပေး. . (မှန်ပါ့) ပေါ်တဲ့စိတ်ကိုရှု. . (မှန်ပါ့) သူတို့ မရှုပြန်ဘူး၊ သဘောကျပလား. . (ကျပါပြီ

ဘုရား)။

ကောင်းပြီ၊ ဒီလိုရှုလိုက်တော့ကို ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တဲ့အခါကျတော့ သူ့နောက်က ခုနကပြောခဲ့တဲ့ တဏှာလာသေးရဲ့လား. . (မလာပါ ဘုရား) ခန္ဓာငါးပါးကော. . (မလာပါ ဘုရား) အအို, အသေကော. . (မလာပါ ဘုရား)။

အဲဒီတော့ သူတို့နှစ်ခုနောက်က တဏှာလိုက်မှ သူတို့ တစ်ခု တစ်ခုနောက်မှ တဏှာဒိဋ္ဌိလိုက်မှသာလျှင် ခန္ဓာငါးပါး လိုက်တယ်. . (မှန်ပါ့) ခန္ဓာငါးပါးလိုက်မှ အအို, အသေက. . (အအို,အသေ လိုက်ပါတယ် ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

## တဏှာပြတ်၊ ခန္ဓာပြတ်

ဒါဖြင့် ဒီဟာတွေ ဖြစ်ပျက် လှည့်ရှုနေလို့ရှိရင် မဂ်လိုက်လာခြင်းကြောင့် တဏှာပြတ် ခန္ဓာပြတ်. . (ပြတ်ပါတယ် ဘုရား) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။

အားလုံး နားလည်ကြရဲ့လား. . (နားလည်ပါတယ် ဘုရား) ဒါ. . စိတ္တာနုပဿနာကိုပေးတယ်. . (မှန်ပါ့) ရိပ်မိပလား. . (မှန်ပါ့) ခင်ဗျားတော်တော်ကြာနေပြီ နာနေတာ၊

နားလည်ပလား. . (နားလည်ပါပြီ ဘုရား)။

ကိုင်း. . ဒါဖြင့် ရှုတဲ့ကျေးဇူးကော သိပလား. . (ကျေးဇူးတော့ မသိသေးပါ ဘုရား) ဒီဟာ ကျေးဇူးခံစားရတာပေါ့. . ဒီတဏှာချုပ်တယ်၊ ခန္ဓာကော. . (ချုပ်ပါတယ်) အို, နာ, သေကော. . (မရှိပါ ဘုရား)။

မရှိဘူးဆိုရင် ဒါရဲ့ ကျေးဇူးပေါ့. . (မှန်ပါ့) မရဘဲနေလို့ရှိရင် သူတို့နောက်က ဒါတွေအကုန်လိုက်မယ်၊ ဒီပဋိစ္စသမုပ္ပါဒ်လိုက်မယ်. . (မှန်ပါ့) မလိုက်ပေဘူးလား. . (လိုက်ပါတယ်ဘုရား)။

**အမောဟဆိုတာ**

ဒါဖြင့် ဒီမဂ်သွင်းမှ ဒါပြတ်တယ်. . (မှန်ပါ့) ဒီ အမောဟသွင်းမှ ခုနင်က ဒီနေရာမှာ အမောဟချန်သွားတယ်၊ အမောဟဆိုတာ တစ်ခုတည်းမဖြစ်လို့ ချန်ထားတယ်. . (မှန်ပါ့) အမောဟဆိုတာ သမ္မာဒိဋ္ဌိ၊ အမောဟလဲ ခေါ်နိုင်တယ်၊ သမ္မာဒိဋ္ဌိလဲ ခေါ်နိုင်တယ်. . (မှန်ပါ့ ဘုရား)။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, မဂ္ဂင်ငါးပါးနဲ့ ခင်ဗျားတို့ ပေါ်ရာကိုလိုက်နေ. .

(မှန်ပါ) သဘောကျပလား. . (ကျပါပြီ ဘုရား)။

ရှုတတ်ပြီနော်. . (ရှုတတ်ပါပြီ) ဒါ. . စိတ္တာနုပဿနာ၊ ရှုလိုက်တော့ ဘာဖြစ်သတုံးဆိုတော့ သူ့နောက်က တဏှာဒိဋ္ဌိ သေတယ်. . (မှန်ပါ့) တဏှာဒိဋ္ဌိသေတဲ့အတွက် တဏှာနဲ့ ဒိဋ္ဌိ ဟာ တွဲလျက်. . (မှန်ပါ့ ဘုရား) တဏှာဒိဋ္ဌိကမှ ဒိဋ္ဌုပါဒါန် မဟုတ်ဘူးလား. . (မှန်ပါ့) တဏှာကလဲ ဥပါဒါန်, ဒိဋ္ဌိကလဲ ဥပါဒါန်. . (မှန်ပါ့ ဘုရား)။

**ခန္ဓာချုပ်တော့ အအို, အသေချုပ်တယ်**

ဥပါဒါန်ချုပ်တော့ကို ခန္ဓာချုပ်တယ်. . (မှန်ပါ့) ခန္ဓာ ချုပ်တော့ကို အအို,အသေ ချုပ်တယ်. . (ချုပ်ပါတယ် ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ညြော်. . ဒီအလုပ်ဟာ ခင်ဗျားတို့မှာ မလုပ် မဖြစ်တဲ့အလုပ်. . (မှန်ပါ) ဒီအလုပ် ဘာဆိုကြမယ်. . (မလုပ် မဖြစ်တဲ့ အလုပ်ပါ ဘုရား) ထမင်းမစားဘဲနေချင်နေ၊ ဒီအလုပ် လုပ်ရမယ်. . (မှန်ပါ) ဒီဒုက္ခကြောက်တဲ့လူ ဒီအလုပ် လုပ်ရ မယ်. . (မှန်ပါ)။

**သမထလား ဝိပဿနာလား**

ကောင်းပြီ၊ ဒါက သမထလား ဝိပဿနာလားလို့ မေးဖို့လိုတယ်. . (မှန်ပါ) သမထလား ဝိပဿနာလားဆိုတော့ ဒီအထဲမှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပက ဝိပဿနာ၊ သတိဝီရိယ သမာဓိက သမထ. . (မှန်ပါ) သမထနဲ့ ဝိပဿနာရောပြီးရှုတာ. . (မှန်ပါ) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။

သမထနဲ့ ဝိပဿနာ. . (ရောပြီး ရှုတာပါ ဘုရား) ရောပြီးတော့ အလုပ်. . လုပ်တာ. . (မှန်ပါ)။

ဒါဖြင့် သမထနဲ့ ဝိပဿနာရောပြီး လုပ်ခိုင်းလို့သာလျှင် ဖြစ်တာကို သိတာက သတိကလဲ သိတယ်၊ ဖြစ်တိုင်းဖြစ်တိုင်း သမာဓိထားလို့လဲ သိတယ်၊ ဝီရိယစိုက်လို့လဲ သိတယ်၊ သမထက ပါနေတယ်. . (မှန်ပါ့) ဒီတရားတွေ မခိုင်ဘူး, မမြဲဘူးလို့ သိတာက ပညာက သိတာ. . (မှန်ပါ့)။

ဒါဖြင့် သတိပညာနဲ့ရောလွှတ်တာ. . သတိပညာနဲ့ ရောလွှတ်တဲ့အတွက် သမထ ဝိပဿနာနှစ်ခုနဲ့ရှုတာ. . (မှန်ပါ့)၊ သမထ အထူး မတည်ထောင်နဲ့တော့. . (မှန်ပါ့)။

## ကြိုက်တာယူ

ဘုရားက သမထရှေ့သွား ဝိပဿနာ နောက်လိုက် ငါ တစ်မျိုးဟောခဲ့ပြီတဲ့. . (မှန်ပါ) ဝိပဿနာရှေ့သွား သမထ နောက်လိုက်လဲ ငါတစ်မျိုး ဟောခဲ့ပြီတဲ့. . (မှန်ပါ) တွဲပြီးသကာလ ရှုနည်းလဲ ငါ တစ်မျိုးဟောခဲ့တယ်တဲ့. . (မှန်ပါ့) ကြိုက်တာ ယူတဲ့၊ သဘောကျပလား. . (မှန်ပါ့)။

## တွဲပြီးလွှတ်တဲ့နည်း

သမထရှေ့သွား ဝိပဿနာနောက်လိုက်၊ ဒီလိုလဲ ဟော ခဲ့တယ်တဲ့၊ ဝိပဿနာရှေ့သွား သမထနောက်လိုက်လဲ ငါ ဟော ခဲ့တယ်တဲ့. . (မှန်ပါ့) တွဲပြီး လွှတ်တာလဲ. . (ဟောခဲ့ပါတယ် ဘုရား) အခုဟာက တွဲပြီးလွှတ်တဲ့နည်း ပေးလိုက်တယ်. . (မှန် ပါ့)။

ဘာဖြစ်လို့ ဒီနည်းကို ဘုန်းကြီးက ပေးပါသတုံးဆိုတော့ ဟိုဟာတွေက တစ်သန့်စီ, တစ်သန့်စီ လုပ်နေလို့ ကြာတယ်၊ ခင်ဗျားတို့ သက်တမ်းတိုတိုနဲ့. . (မှန်ပါ) တွဲဟောလိုက်လို့ရှိ ရင် တစ်ခါတည်းပြီးသွားတာပဲ. . (မှန်ပါ့)။

**ဖြစ်တိုင်းသိရင်**

ဒါဖြင့် ဖြစ်တိုင်းဖြစ်တိုင်း သိလို့ရှိရင် သမထက သိတယ်. . (မှန်ပါ့) ပျက်တိုင်း - ပျက်တိုင်းသိလို့ရှိရင် ဝိပဿနာက သိတယ်. . (မှန်ပါ့)။

**ပျက်တိုင်းသိရင်**

ဖြစ်တိုင်းဖြစ်တိုင်းသိရင်. . (သမထက သိပါတယ် ဘုရား)၊ ပျက်တိုင်းပျက်တိုင်းသိရင်. . (ဝိပဿနာက သိပါတယ် ဘုရား) ဒါဖြင့် ဖြစ်ပျက်သိလို့ရှိရင် တွဲလိုက်. . (မှန်ပါ့) ပေါ်သွားပလား. . (ပေါ်ပါပြီ ဘုရား) ပေါ်သွားပြီ၊ ပေါ်သွားပြီ။

ပြန်ပြောကြပါဦး တစ်ခေါက်. . (မှန်ပါ) ဖြစ်တိုင်း ဖြစ်တိုင်း သိရင်. . (သမထက သိပါတယ် ဘုရား) ပျက်တိုင်းပျက်တိုင်းသိရင်. . (ဝိပဿနာက သိပါတယ် ဘုရား) ဖြစ်ပျက်နှစ်ခုစလုံးသိရင်. . (သမထဝိပဿနာက သိပါတယ် ဘုရား)။

**ယုဂနဒ္ဓ–နည်း**

အဲ. . နှစ်ခုတွဲ ဆက်သိတဲ့နည်း ယုဂနဒ္ဓနည်းလို့ ခေါ်

သည်၊ ယုဂနဒ္ဓဆိုတာ နွားနှစ်ကောင် တစ်ပြိုင်နက် မောင်းတာ. . (မှန်ပါ့) နွားနှစ်ကောင် တစ်ပြိုင်နက်မောင်းတာ တိုတိုနဲ့ ခရီးရောက်တာပေါ့ (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

## အပျက်မြင်ရင် သဿတသေတယ်

ဒါဖြင့် ခင်ဗျားတို့ ဒီအပေါ်မှာ လွတ်လိုက်လို့ရှိရင် အဖြစ်မြင်လို့ရှိရင် ခင်ဗျားတို့ မှတ်လိုက် ဥစ္ဆေဒဒိဋ္ဌိသေပါတယ်. . (မှန်ပါ့) အပျက်မြင်လို့ရှိရင် သဿတဒိဋ္ဌိ သေပါတယ်. . (မှန်ပါ့ ဘုရား)။

အဖြစ်မြင်လို့ရှိရင်. . (ဥစ္ဆေဒဒိဋ္ဌိ သေပါတယ် ဘုရား) အပျက်မြင်လို့ရှိရင်. . (သဿတဒိဋ္ဌိ သေပါတယ် ဘုရား)။

အဖြစ်အပျက်နှစ်ပါးလုံး မြင်လို့ရှိရင် သက္ကာယဒိဋ္ဌိ သေတယ်. . (မှန်ပါ့) ဒါကို သေသေချာချာမှတ်၊ ဒါ သိပ်အရေးကြီးတဲ့စကား. . (မှန်ပါ)။

## အဖြစ်မြင်ရင် ဥစ္ဆေဒဒိဋ္ဌိသေတယ်

အဖြစ်မြင်တော့ အကြောင်းကြောင့်ဖြစ်တယ်ဆိုတာ သိတာကိုး၊ ဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိသေတယ် (မှန်ပါ့) အပျက်

မြင်တော့ မခိုင်လို့ ပျက်တယ်ဆိုတာ သိကတည်းကို က ခင်ဗျားတို့ ခိုင်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိသေပြီ. . (မှန်ပါ) ရှင်းပြီနော်. . (ရှင်းပါပြီ ဘုရား)။

**ဖြစ်ပျက်နှစ်ခုစလုံးမြင်တော့**

ဖြစ်ပျက်နှစ်ခုစလုံးကို မြင်လိုက်လို့ရှိရင်ဖြင့် ဩော်. . ငါ ငါ့ဥစ္စာမဟုတ်ဘူးဆိုတဲ့ သက္ကာယဒိဋ္ဌိသေတယ်. . (မှန်ပါ) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဒါ တော်တော်အရေးကြီးတယ်လို့ မှတ်ပါ. . (မှန်ပါ ဘုရား) ဒါကြောင့် ခင်ဗျားတို့ ရှုတာ ဘာကျေးဇူးရှိသတုံးဆိုတော့ ဒိဋ္ဌိသုံးမျိုးကွာတယ်. . (မှန်ပါ)။

ရှုလိုက်ရင် ဘာကွာသတုံး. . (ဒိဋ္ဌိသုံးမျိုး ကွာပါတယ် ဘုရား) ဒါ ကွာသွားပြီ၊ ဒိဋ္ဌိတဏှာလဲ ကွာသွားပြီ. . (မှန်ပါ ဘုရား)။

သူကွာကတည်းက ဒိဋ္ဌိကမှ ပပဉ္စဖြစ်ရမည့် ဥစ္စာ ဖြစ်နိုင်သေးရဲ့လား. . (မဖြစ်နိုင်ပါ ဘုရား) ခန္ဓာဖြစ်အောင် ချဲ့နိုင်သေးရဲ့လား. . (မချဲ့နိုင်ပါ ဘုရား) မချဲ့နိုင်တော့ ဒီ အိုႇသေကောလာပါ့မလား. . (မလာပါ ဘုရား)။

**မဂ်က ဒိဋ္ဌိသုံးမျိုးသတ်တယ်**

ဒါဖြင့် သံသရာပြတ်တယ် (မှန်ပါ့) ဒီသံသရာကြီးပြတ်တယ်၊ ဒီ ဒိဋ္ဌိသုံးမျိုးမဂ်က သတ်ချလိုက်တယ်. . (မှန်ပါ့) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

မဂ်က ဘယ်နှစ်မျိုးသတ်သတုံး. . (ဒိဋ္ဌိသုံးမျိုး သတ်ပါတယ် ဘုရား) ဒိဋ္ဌိသုံးမျိုး သတ်လိုက်တယ်တဲ့. . (မှန်ပါ့) ဒီ ဒိဋ္ဌိသုံးမျိုးသတ်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်. . (ပြတ်ပါတယ် ဘုရား)။

ကောင်းပြီ. . ဒါဖြင့် ခင်ဗျားတို့သည် ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဘုရားမရှိရင် သူပဲတန်းလာတာပဲ. . (မှန်ပါ့)။

ဘုရားရှိငြားသော်လဲ ကလျာဏမိတ္တမတွေ့ရင် ဒီလာပြန်တာပဲ. . (လာပါတယ် ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ အခုကလျာဏမိတ္တနဲ့တွေ့တော့ တွေ့ပြီ. . (မှန်ပါ့)တွေ့ပေမယ့် ဥပကတွေ့ ဖြစ်နေတယ်. . (မှန်ပါ) သဘောကျပလား. . (ကျပါပြီ ဘုရား)။

**ဥပကာတွေ့ဖြစ်နေတယ်**

အတွေ့က အမျိုးမျိုးရှိတယ်၊ ပဥ္စဝဂ္ဂီအတွေ့က တစ်မျိုး. . (မှန်ပါ့) ဥပကာတွေ့က. . (တစ်မျိုးပါ ဘုရား) ခင်ဗျားတို့က ဘာတွေ့ဖြစ်နေသတုံး. . (ဥပကာတွေ့ဖြစ်နေပါတယ် ဘုရား)။

ဥပကာတွေ့ပဲရှိသေးတယ်. . (မှန်ပါ) အရှင်ဟာ အရောင် အဆင်းအလင်းတွေနဲ့ ကြန်အင်လက္ခဏာတို့နဲ့ ကိုယ်တော်ကြီးပဲလို့ဆိုပြီး အသင့်ဆရာ ဘယ်သူနည်းမေးတော့ ငါ ဆရာမရှိဘူးလို့ ဘုရားက ပြောလိုက်တယ်. . (မှန်ပါ့)။

အကြောင်းရှိရင် အားကိုးပါရစေ၊ အားကိုးတာပေါ့၊ ဘွဲ့ကလေးပြောခဲ့စမ်းပါဦး၊ အနန္တဇိနတဲ့ ဒါပဲ ပြောတာပဲ၊ ဘုရားက၊ သူတွေ့ရတော ဘာအထူးရသတုံး. . (မရပါ ဘုရား) ပဥ္စဝဂ္ဂီတို့ကတော့ တွေ့လျှင်တွေ့ချင်း. . (ရပါတယ် ဘုရား) သဘောကျပလား. . (ကျပါပြီ ဘုရား)။

အခု ခင်ဗျားတို့နှစ်ယောက် ဘာဖြစ်နေသတုံးဆိုလို့ရှိရင် ဒီမဂ္ဂပြဟ္မစရိယအကျင့် အထ,မမြောက်သေးလို့ ဥပကာတွေ့ပဲ ဖြစ်နေသေးတယ်. . (မှန်ပါ့ ဘုရား)၊ ရိပ်မိပလား. . (ရိပ်မိပါပြီ ဘုရား)။

**အလုပ်မလုပ်တတ်ရင်၊ ဥပကတွေ့ပဲ**

ဘာတွေ့ဖြစ်နေသတုံး . . (ဥပကတွေ့ဖြစ်နေပါတယ် ဘုရား) ဒီအလုပ်မလုပ်တတ်ရင် ဥပကတွေ့ပဲကွ . . (မှန်ပါ့) နည်းတော့ပေးနေတာပါပဲ၊ ဒါ မဂ္ဂဗြဟ္မစရိယအကျင့်ဆိုတာ ဘာမှ သံသယမရှိနဲ့၊ ဒီနှစ်ခုပြတ်တယ်ဆိုတာ သူများပြော မဟုတ်ပါဘူး . . (မှန်ပါ့)။

ဒီ သမုဒယသစ္စာသုံးခုနဲ့ ဒီဒုက္ခသစ္စာသုံးခု မပြတ်ဘူး လား . . (ပြတ်ပါတယ် ဘုရား) ဒါ သူများပြောလား . . (ကိုယ် တွေ့ပါ ဘုရား)။

ဒီဟာကိုသာ ခင်ဗျားတို့ ဝိပဿနာဉာဏ်နဲ့ တင်လိုက် စမ်း၊ ဒီသုံးခုချုပ်မချုပ် . . (ချုပ်ပါတယ် ဘုရား) ဒီသုံးခုချုပ်၊ ဒီသုံးခုချုပ် . . (မှန်ပါ) ပေါ်ပလား . . (ပေါ်ပါပြီ ဘုရား)။

အဲဒီတော့ကို တို့ဟာ ဆရာဘုန်းကြီးကတော့ ဟောနေ ပြီ၊ ဆရာကောင်းလဲ တွေ့နေပြီ၊ လူမိုက်နဲ့ လူလိမ္မာ ကိုယ့်ကိုယ် ကိုယ် ခွဲတတ်ပြီ . . (မှန်ပါ) အချိန်ပိုင်းနဲ့ ခွဲတတ်ပြီ . . (မှန်ပါ)။

ခင်ဗျားတို့ သူများကို တစ်သက်လုံးဆုံးမ၊ ဩော် . . ငါ လူမိုက်ကြီးကိုးလို့ ဒီလိုမဟုတ်ပါဘူး . . (မှန်ပါ့) အချိန်ပိုင်း နဲ့ ခွဲတတ်တာ . . (မှန်ပါ့ဘုရား)။

## လူမိုက်နှင့်ပညာရှိ

ဘယ်လိုခွဲတတ်သတုံး. . (အချိန်ပိုင်းနဲ့ ခွဲတတ်ပါတယ်ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား) အချိန်ပိုင်းနဲ့ ခွဲတတ်တယ်ဆိုကတည်းက ခင်ဗျားတို့ ဩော်. . ဒါ ကျင့်နေလို့ရှိရင် ဒီအချိန်မှာ ပညာရှိ. . (မှန်ပါ့ ပညာရှိပါ ဘုရား) ဒီအချိန်မှာ မကျင့်မိရင်. . (လူမိုက်ပါ ဘုရား)။

သွားစရာလာစရာကိစ္စတွေ များလွန်းလို့ ဘုရား၊ ဒါ. . သူ့ဟာသူ ဘာပြောပြော သူ့ဟာသူ ဘာဖုံးဖုံး၊ မဟုတ်ဘူးလား. . (မှန်ပါ့) သူ့ဟာသူ ဘာဖုံးနေနေ ဘာဆိုကြမယ်. . (လူမိုက်ပါ ဘုရား)။

အဲဒီတော့ ဦးမာဒင်တို့ ဦးလှတို့ ခင်ဗျားတို့သုံးတဲ့ အသုံးအနှုန်းဟာ ဒီနေ့ ဘယ့်နှယ်တုံး၊ ဒါ လုပ်နေပါတယ်၊ ဒို့ပြင်ဟာ အဖြေပေးစရာ မရှိပါဘူး. . (မှန်ပါ့)။

ဒကာရင်း ဆရာရင်းဆိုရင် ဒါပဲ ပြောရမယ်. . (မှန်ပါ) ဒို့ပြင် ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့တော့. . (မှန်ပါ့) ရှင်းပလားကွ. . (ရှင်းပါပြီ ဘုရား) သဘောပါပလား. . (ပါပါပြီ ဘုရား)။

ဒါကို ငြင်းလို့ မရဘူး. . (မှန်ပါ့) ဦးလှကြီး ဒါဖြင့်

ခင်ဗျားဒီဘက်နဲ့ ဟိုဘက် ဘယ်ဘက်နဲ့ ကြီးလာသတုံး. . (ဟို ဘက်က ကြီးလာပါတယ်ဘုရား) အဲ. . သူ့ဟာသူ ပြောတာ ပဲ. . (မှန်ပါ့) ရိပ်မိပလား. . (ရိပ်မိပါပြီ ဘုရား)။

ဒါ သူများ မေးရမှာလား. . (ကိုယ့်ဟာကိုယ်မေးရမှာပါ ဘုရား) ကိုယ့်ဟာကိုယ်မေးတော့ ဩော်. . ဒီဘက်က တပည့် တော် ဒီလိုကြီးလာခဲ့တယ်၊ ဒီဘက်တန်းနဲ့ ကြီးလာတယ်. . (ကြီးလာပါတယ် ဘုရား)။

ဒီဘက်တန်းနဲ့ တပည့်တော်သည် အခုမှ ဥပကာတွေ့ရှိ သေးတယ်. . (မှန်ပါ့) ပဋ္ဌဝဂ္ဂီတွေ့ မဖြစ်သေးဘူး. . (မဖြစ် သေးပါ ဘုရား) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)

## ပဋ္ဌဝဂ္ဂီတွေ့လုပ်ကြပါ

ပဋ္ဌဝဂ္ဂီတွေ့တော့ လုပ်ကြပါစို့တဲ့၊ ပဋ္ဌဝဂ္ဂီတွေ့ တွေ့မှ ခင်ဗျား သောတာပန်စ, တည်ရမှာ၊ မဟုတ်ဘူးလား. . (မှန်လှ ပါ ဘုရား)။

ကဲ ပဋ္ဌဝဂ္ဂီတွေ့ တွေ့ကြစို့ ဆိုတော့ ဒါကို ဖြန့်လိုက်လို့ တစ်နေ့က ပြောတယ်. . (မှန်ပါ့) ဦးမာဒင် ဖြန့်ရလိမ့်မယ်. . (မှန်လှပါ) ဖြန့်လိုက်တော့ ခန္ဓာ ဘယ်နှစ်ပါးဖြစ်သလဲ. . (ခန္ဓာ

ငါးပါးဖြစ်ပါတယ် ဘုရား) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ပေါင်းလိုက်တဲ့အခါ ခန္ဓာငါးပါး. . (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးကို သတိပဋ္ဌာန်နဲ့ပေါင်းလိုက်ရင် ဘယ်လောက်ရမလဲ. . (လေးပါးပါ ဘုရား) လေးပါး. . တဲ့၊ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာ၊ (မှန်ပါ့) မဟုတ်ဘူးလား. . သညာသင်္ခါရက ဓမ္မာနုပဿနာ၊ စိတ်က စိတ္တာနုပဿနာ၊ ဝေဒနာက ဝေဒနာနုပဿနာ၊ ရုပ်က ကာယာနုပဿနာ. . (မှန်ပါ့)။

**အသေစောသွားလိမ့်မယ်**

ဟာ. . ကြာတယ်ဘုရား၊ တပည့်တော်တို့ လူအိုကြီးတွေဖြစ်နေပါပြီ၊ သတိပဋ္ဌာန်လေးပါးဆိုတော့. . (မှန်ပါ့) သတိပဋ္ဌာန်လေးပါးကို လေးပါးလုပ်မနေနဲ့ ဦးမာဒင်၊ တစ်ပါးတည်းပဲ လုပ်၊ ခင်ဗျားကြာပါတယ်၊ အသေစောသွားလိမ့်မယ်. . (မှန်ပါ့) တရားက ရမှာမဟုတ်ဘူး၊ အသေက စောလိမ့်မယ်. . မဟုတ်ဘူးလား. . (မှန်ပါ) အပါယ်ရောက်မှာက စောနေလိမ့်မယ်. . (မှန်ပါ့)။

**ဒုက္ခသစ္စာတစ်လုံးတည်းရှု**

အဲဒီတော့ ဒါလဲ ဖြစ်ပျက်ရှုရမှာပဲ၊ ဒါလဲ ဖြစ်ပျက်ရှုရမှာပဲ၊ ဒါလဲ ဖြစ်ပျက်ရှုရမှာပဲ၊ ဒါလဲ ဖြစ်ပျက်ရှုရမှာပဲဆိုတော့ ဖြစ်ပျက် ဘာသစ္စာတုံး. . (ဒုက္ခ သစ္စာပါ ဘုရား) ဒါဖြင့် ဒုက္ခသစ္စာတစ်လုံးတည်းရှု ခင်ဗျားတို့ ကြာနေလိမ့်မယ်. . (မှန်ပါ့) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။

ဘာဖြစ်ပျက်ရှုရမလဲ. . (ဒုက္ခသစ္စာတစ်လုံးတည်း ရှုရပါမယ် ဘုရား) ဒါဖြင့် ဓမ္မာနုပဿနာတစ်လုံးတည်း လုပ်လိုက်တော့ ကြာတယ်. . (မှန်ပါ) ရှင်းပလား. . (ရှင်းပါပြီ ဘုရား)။

ဘာတစ်လုံးတည်းလုပ်ရမတုံး. . (ဒုက္ခ သစ္စာတစ်လုံးတည်း လုပ်ရပါမယ် ဘုရား) ဒုက္ခသစ္စာဆိုတော့ သတိပဋ္ဌာန်လေးပါးထဲသွင်းတော့ ဘယ်အထဲ ဝင်သွားသတုံး. . (ဓမ္မာနုပဿနာထဲ ဝင်သွားပါတယ် ဘုရား) ပေါ်ပလား. . (ပေါ်ပါပြီ ဘုရား)။

နာရီကလဲ စေ့သွားတယ်. . (မှန်ပါ) ဘာမှလဲ မကြာသေးဘူး၊ နာရီဝက်တွင် ပေးတာကိုးကွ. . (မှန်ပါ) နာရီဝက်တွင် ပေးတော့ နာရီက စေ့သွားတယ်။

**ဓမ္မာနုပဿနာ**

ဒါ. . ဓမ္မာနုပဿနာ တစ်လုံးတည်း ရှုရမယ်. . (မှန်ပါ့ဘုရား) သဘောပါပလား. . (ပါ ပါပြီ ဘုရား)။

ဓမ္မာနုပဿနာဆိုတာ ဓမ္မ၊ အနုပဿနာ ခွဲလိုက်. . (မှန်ပါ) ဟိုကဘာတုံး. . (ဓမ္မပါ) ဒီဘက်က. . (အနုပဿနာပါ ဘုရား)။

အဲဒီတော့ ဓမ္မနဲ့ အနုပဿနာကို ကိုက်ပေး. . (မှန်ပါ့ဘုရား) ဒါမှ ဓမ္မာနုဓမ္မပဋိပတ္တိ. . (မှန်ပါ)။

ခင်ဗျားတို့က ပန်းကလေးလှူပြီး 'ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ'တဲ့. . (မှန်ပါ) ဓမ္မာနု ဓမ္မပဋိပတ္တိဆိုတာ ဒါ မဟုတ်ဘူး၊ ဒီ ဓမ္မာက ဖြစ်ပျက်၊ ဒီ. . အနုပဿနာက ရှုတာ. . (မှန်ပါ)။

ကဲ. . ယနေ့ ဒီတွင် တော်ကြဦးစို့. . .။

. သာဓု. . . သာဓု. . . သာဓု

## မိုးကုတ်ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏

မူပိုင်ဖြစ်သည်

**မည်သူမျှ ကူးယူထုတ်ဝေခွင့် မပြုရ။**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် - - - - - - - - | ၁၀၇/၂၀၀၁ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် - - - - | ၁၃၉/၂၀၀၁ (၃) |
| ပုံနှိပ်ခြင်း - - - - - - - - - - - - - - | ပထမအကြိမ် |
| စောင်ရေ - - - - - - - - - - - - - - | ၃၀၀၀ |
| ထုတ်ဝေသည့်ကာလ - - - - - - - - | ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - - - | ဦးတိုးဝင်း (မြ - ၀၂၄၃၁)<br>(နေလရောင်အော့ဖ်ဆက်)<br>အမှတ် (၉၆/ခ)၊ (၁၁)လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ - - - - - - - - - - - - - | ဦးအောင်ချို (မြ - ၀၈၃၁)<br>မိုးကုတ်ဝိပဿနာအဖွဲ့<br>(၈၂)၊ နတ်မောက်လမ်း၊<br>ဗဟန်း၊ ရန်ကုန်မြို့။ |